# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ(၅၁)၊ အမှတ်(၃၂၁)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂)တွင် တရားဝင်ပေးအပ်ထားသည့်အခွင့်အရေးကို အသုံးပြုမည်ဆိုပါက သင့်လျော်ကောင်းမွန် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ပါသဖြင့် မိမိတို့ဆန္ဒအရ ကြိုက်နှစ်သက်သည့် နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်နိုင်ခွင့်ရှိ

## နိုင်ငံတော်သမ္မတထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် ဩဂုတ် (၁၄)ရက်စွဲဖြင့် သဝဏ်လွှာတစ်စောင်ပေးပို့ နိုင်ငံတော်သမ္မတကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဩဂုတ် (၂၀)ရက်စွဲဖြင့် သဝဏ်လွှာတစ်စောင်ပြန်လည်ပေးပို့

နေပြည်တော် ဩဂုတ် ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ် ဩဂုတ် (၁၄)ရက်စွဲဖြင့် သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ အဆိုပါ သဝဏ်လွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များက ကျေနပ်လက်ခံနိုင်ခြင်းမရှိသဖြင့် သက်ဆိုင်သူများအားလုံးအတွက် ထိခိုက်နစ်နာမှု အနည်းဆုံးဖြင့် သင့်မြတ်ပြီး တရားနည်းလမ်းကျသော ဆောင်ရွက်ချက်များဖြစ်လာစေရန်အတွက် စေတနာကောင်းဖြင့် အကြံပြုပေးပို့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂)ရက်နေ့ ရက်စွဲပါ စာအမှတ် ၃/ညမ(၁) ၃-၁(၉၂) နပတ (၇၂)အရ တင်သွင်းခဲ့သော တင်သွင်းလွှာအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အများစုဖြစ်သော ကိုယ်စားလှယ်ပေါင်း ၃၀၁ ဦးက ကျေနပ်လက်ခံနိုင်ခြင်းမရှိသည့်အတွက် စွပ်စွဲပြစ်တင်မှုပြုလုပ်ပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ (၈)ရက်နေ့တွင် လွှတ်တော်အခွင့်အရေးကော်မတီမှတစ်ဆင့် ဒုတိယအကြိမ် အဆိုပြုတင်ပြလာပါကြောင်း။

၂၀၁၂ ခုနှစ်၊ ဧပြီလ (၂၆)ရက်နေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ကျင်းပခဲ့သည့်အချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၉၁ ဦးက လက်မှတ်ရေးထိုး၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ရန် အရေးကြီးအဆိုတင်သွင်းမည်ဖြစ်ကြောင်း လွှတ်တော်အခွင့်အရေးကော်မတီမှတစ်ဆင့် မိမိထံ အသိပေးတင်ပြလာခဲ့ပါကြောင်း၊ ၎င်းကိစ္စအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ခေတ္တဆိုင်းငံ့ထားခဲ့ပြီး ပြည်သူ့လွှတ်တော်မှ ကော်မတီဥက္ကဋ္ဌများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဗဟိုအတွင်းရေးမှူးများ အဖွဲ့တို့ဖြင့် နိုင်ငံတော်သမ္မတထံတင်ပြခဲ့ရာ နိုင်ငံတော်သမ္မတက အဆင်ပြေကျေနပ်မှုရှိစေရေးအတွက် ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်းကို လွှတ်တော်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအဖွဲ့မှ ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ သက်ဆိုင်သူများဖြင့် သီးခြားတွေ့ဆုံညှိနှိုင်းအဖြေရှာမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ အဆင်ပြေမှုမရရှိသေးသဖြင့် လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးက လက်မှတ်ရေးထိုးပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ-၃၃၄၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)**ပါပြဋ္ဌာန်းချက်အား ဖောက်ဖျက်ကျူးလွန်ခြင်း၊ **ပုဒ်မခွဲငယ်(၅)**အရ ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမထမ်းဆောင်နိုင်ခြင်းတို့ကြောင့် စွပ်စွဲပြစ်တင်မှုပြုလုပ်ရန် တင်ပြလာခြင်းဖြစ်ကြောင်းလည်း သိရှိရပါကြောင်း။

မိမိအနေဖြင့် ဤအခြေအနေ၊ ဤအဆင့်သို့ရောက်ရှိလာခြင်းမရှိဘဲ နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့သော တင်သွင်းလွှာအား ပြန်လည်ရုပ်သိမ်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း ၎င်းတို့၏ဆန္ဒအလျောက် တာဝန်မှ အနားယူသွားစေရေးတို့ကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၂၁)ရက်နေ့မတိုင်မီ အပြီးဆောင်ရွက်သွားခြင်းသည်သာသင့်လျော်၍ အဆင်အပြေဆုံးဖြစ်သည့် နည်းလမ်းတစ်ခုဖြစ်သည်ဟု ထင်မြင်ယူဆပါကြောင်း၊ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်တွင် ဖွဲ့စည်းထားသော ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အနေဖြင့်လည်း ဤသို့ဆောင်ရွက်ခြင်းသည်သာ နိုင်ငံတော်နှင့် လွှတ်တော်များ၏ ဂုဏ်သိက္ခာအတွက်သော်လည်းကောင်း၊ သက်ဆိုင်သူများအားလုံးအတွက်လည်းကောင်း ထိခိုက်နစ်နာမှု အနည်းဆုံးဖြစ်နိုင်သော သင့်မြတ်ပြီးတရားနည်းလမ်းကျသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း အကြံပြုတင်ပြခဲ့ကြပါကြောင်း။

သို့ဖြစ်ပါ၍ အခြေအနေအရပ်ရပ်ကို သိရှိသုံးသပ်ဆောင်ရွက်နိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည်။

အဆိုပါ သဝဏ်လွှာနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတကလည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ ဩဂုတ် (၂၀)ရက်စွဲဖြင့် သဝဏ်လွှာတစ်စောင် ပြန်လည်ပေးပို့ခဲ့သည်။ အဆိုပါသဝဏ်လွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ကျေနပ်လက်ခံနိုင်ခြင်းမရှိသဖြင့် သက်ဆိုင်သူများအားလုံးအတွက် ထိခိုက်နစ်နာမှုအနည်းဆုံးဖြင့် သင့်မြတ်ပြီး တရားနည်းလမ်းကျသော ဆောင်ရွက်ချက်များ ဖြစ်လာစေရန် စေတနာကောင်းဖြင့် အကြံပြုပေးပို့ခြင်းအား ကျေးဇူးတင်ရှိပါကြောင်း။

ပထမအချက်အနေဖြင့် နိုင်ငံတော်သမ္မတ၏ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့သော တင်သွင်းလွှာကို ပြန်လည်ရုပ်သိမ်းရန် အကြံပြုချက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြန်ကြားလိုပါကြောင်း၊ လွှတ်တော်အသီးသီးကဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဖြစ်သည်ဟု သတ်မှတ်ပြောကြားနေခြင်းနှင့် စပ်လျဉ်း၍ အဆိုပါ ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများဖြစ်လာပါက ပြည်ထောင်စုအဆင့်နှင့်လျော်ညီသည့် ငွေကြေးကိစ္စများနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို မိမိတို့အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်ပေးရန် တာဝန်ရှိလာမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်ရန် လိုအပ်ပါကြောင်း၊ လွှတ်တော်အသီးသီးက *စာမျက်နှာ ၈ ကော်လံ ၁* ✻



## နှစ်(၅၀)ပြည့် မ.ထ.သ ရွှေရတု

*ရန်ကုန် ဩဂုတ် ၂၀*

**သတင်းနှင့်ဓာတ်ပုံ**
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

*လိုင်းကားပေါ်ရောက်သည်နှင့် ထုံးစံအတိုင်း ယာဉ်စီးခကိုပေးလိုက်သည့်အခါ ယာဉ်နောက်လိုက်က "ဒီနေ့က မ. ထ. သ ရဲ့ ရွှေရတုနေ့မို့ ယာဉ်စီးခ အခမဲ့ပါ" ဆိုမှ "ဟာ. . . ဟုတ်ပါရဲ့ " ဒီနေ့ ဩဂုတ် ၂၀ ရက် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်းဒေသကြီး)၏ နှစ် (၅၀)ပြည့် မွေးနေ့ဆိုသည်ကို သတိရမိတော့သည်။* ***စာမျက်နှာ ၅ ကော်လံ ၃*** ◆

**နေပြည်တော် ဩဂုတ် ၂၀**

မြို့ကြီးပြကြီးများတွင်နေသော သူတို့သည် နေ့စဉ် စားသောက်ချက်ပြုတ်ရန်အတွက် ဈေးများတွင် သား၊ ငါး၊ ဟင်းသီးဟင်းရွက်များကို ဝယ်ယူကြရသည်။ ကျေးလက်နေ ပြည်သူအများစုသည် ဟင်းချက်စရာအဖြစ် ဟင်းသီးဟင်းရွက်များကို ဈေးမှ ငွေကုန်ကြေးကျခံမဝယ်ဘဲ မိမိတို့၏ခြံဝင်းနှင့် မြေကွက်လပ်အတွင်း စိုက်ပျိုးထားသော သီးပင်စားပင်များမှ အသီးအရွက်များကို ခူးယူချက်စားလေ့ရှိသည်။ ယခုအခါ မြို့ရော၊ တောပါ မိမိတို့၏ ခြံဝင်းအတွင်း သီးပင်စားပင်များ စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

စာရေးသူတို့ သတင်းအဖွဲ့ ခရီးထွက်စဉ် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဇရပ်ကြီးကုန်းရွာအနီးရှိ ခြံတစ်ခြံတွင် ***စာမျက်နှာ ၅ ကော်လံ ၁*** ❖

## စီးပွားဖြစ်စိုက်ပျိုး ဝင်ငွေတိုးသည့် ဘူးပင်မျိုး

**သတင်းဆောင်းပါး - ကျော်သူဝင်း ➤ ဓာတ်ပုံ - သီဟ(မြန်မာ့အလင်း)**



ပြည်ပဘူးမျိုးစေ့ဖြင့် စိုက်ပျိုးထားသော ဘူးပင်များ အောင်မြင်ဖြစ်ထွန်းနေသည်ကို ဤသို့ တွေ့ရသည်။

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဦးထိပ်ထား ပေးအပ်ထားသည့် တာဝန်ဝတ္တရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏သတင်းစာရှင်းလင်းပွဲကျင်းပ





### ရှင်းလင်းပြောကြား

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၀**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်တွင်းဂျာနယ်သတင်းထောက်များ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုးက သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ပြည်တွင်း ပြည်ပသတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းကြရာ ခုံရုံးဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ယနေ့သတင်းစာရှင်းလင်းပွဲအပြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက သတင်းထုတ်ပြန်ချက် (၁/၂၀၁၂)ကို ထုတ်ပြန်ခဲ့ပြီး သတင်းထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး<br>သတင်းထုတ်ပြန်ချက် (၁/၂၀၁၂)

**၁၃၇၄ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်<br>(၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)**

နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ၂-၂-၂၀၁၂ ခုနှစ်ရက်စွဲဖြင့် တင်သွင်းခဲ့သည့် တင်သွင်းလွှာအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၂၈-၃-၂၀၁၂ ရက်နေ့က အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁)၊ နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄၆ ပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများဖြေရှင်းဆောင်ရွက်ရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၀ ပြဋ္ဌာန်းချက်အရ ဖွဲ့စည်းခဲ့ပြီး ခုံရုံး၏လုပ်ငန်းတာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၂ အရ အောက်ပါအတိုင်း ပြဋ္ဌာန်းအပ်နှင်းခဲ့ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ် အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အချင်းချင်း ဖြစ်ပေါ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏အခွင့်အရေးနှင့် တာဝန်များနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သည့်အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့်ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ။

**ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်** ဟူသောစကားရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်သမ္မတက တင်သွင်းခဲ့သည့် တင်သွင်းလွှာအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက မိမိအား ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ အပြီးသတ်ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၃အရ အပြီးအပြတ်အတည်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကိုဆုံးဖြတ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဖွဲ့စည်းထားခြင်းမရှိသည့်နိုင်ငံများတွင် တရားလွှတ်တော်ချုပ် (Supreme Court) က ဆုံးဖြတ်လျက်ရှိကြပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေပါမည်ဟု ကတိသစ္စာပြုခဲ့ကြသူများဖြစ်ပါသည်။ သို့ဖြစ်သည့်အားလျော်စွာ ခုံရုံးသို့ တင်သွင်းလာသည့်တင်သွင်းလွှာများကို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိရှိဖြင့် တရားမျှတစွာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆုံးဖြတ်ဆောင်ရွက်လျက်ရှိကြပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ကတိသစ္စာပြုထားသည့်အတိုင်း နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို ဦးထိပ်ထားလျက်ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်ဝတ္တရားများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆက်လက်ရပ်တည် ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

### မြစ်ရေကြီးမှု သတိပေးချက်

***နေပြည်တော် ဩဂုတ် ၂၀***

*ဝေါန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၅၉စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၂၉ စင်တီမီတာ (၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ၁၅ စင်တီမီတာ (ပေဝက်ခန့်)ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။* ***(သတင်းစဉ်)***

### MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၁၂ (အင်္ဂါနေ့)**

| | |
|---|---|
| ၅း၄၀ | **ဘဝ၏ပုံရိပ်** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယုံဆရာတော်) |
| ၉း၀၅ | မြစိမ်းရောင် ကောင်းကင်သစ် (အပိုင်း-၁) |
| ၁၁း၅၀ | MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ရွှေမင်းသားရဲ့ ဒဏ္ဍာရီ** (အပိုင်း-၂) |
| ၁၂း၄၀ | သွားမယ်စားမယ် (အမှတ်တရ) အင်းလေးအစားအစာနှင့် ရှမ်းခေါက်ဆွဲ |
| ၂း၄၅ | သဗ္ဗညုပုထိုးတော်မြတ်ကြီး (ရန်ကုန်)ရွှေထီးတော်တင်လှူပွဲ |
| ၂း၀၅ | အရိုးအကြောအဆစ်များ ပြန်လည်သန်စွမ်းစေမည့်နှင်းဆီ |
| ၂း၂၅ | အဖိုးတန်သော သဘာဝ သယံဇာတမြေ ဟူးကောင်း |
| ၃း၀၀ | ကဏ္ဍာစုံလင်အားကစားအစီအစဉ် |
| ၄း၁၀ | ဆေးရေးချိတ် ခေတ်ဆန်းချိန်ခါ မြန်မာ့ရွှေလက်ရာ |
| ၄း၄၅ | သဲသောင်ဖြူဘော်ငွေကျွန်း ဆီက…ရွှေပေါ်ကျွန်းမြတ်စေတီ |

**မြန်မာ့အလင်း**

**အယ်ဒီတာ့ အာဘော်**

(၂၀၁၂ ခုနှစ် ဩဂုတ် ၂၁ ရက်)

## ကျွန်ုပ်တို့၏ မိဘသဖွယ် ဆရာ ဆရာမများ

**ကျွန်ုပ်တို့သည် အာစရိယမြတ်ဆရာတို့အား ပူဇော်ကန်တော့လေ့ရှိကြသည်။ ထိုသို့ အာစရိယဆရာ ဆရာမတို့အား ပူဇော်ကန်တော့ကြရာတွင် မူလတန်း ဆရာ ဆရာမများမှအစပြုလျက် တက္ကသိုလ်ဆရာ ဆရာမများအထိ ဖြစ်ပါသည်။**

**ဆရာကြီး ဆရာမကြီးတို့အား တပည့်အပေါင်းတို့က ပူဇော်ကန်တော့လျက်ရှိကြရာတွင် အများအားဖြင့် အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းအသီးသီးတို့၌သာ ပူဇော်ကန်တော့မှု များပြားလျက်ရှိသည်ကို တွေ့ရသည်။ မူလတန်းဆရာ ဆရာမများအား ပူဇော်ကန်တော့မှု နည်းပါးလျက်ရှိသည်။ မူလတန်းဆရာ ဆရာမများသည် ကျွန်ုပ်တို့အားလုံး၏ ပထမဆရာများပင်ဖြစ်သည်။**

**မူလတန်းဆရာ ဆရာမတို့သည် ကျွန်ုပ်တို့၏ ငယ်စဉ်တောင်ကျေးကလေးဘဝ ကျောင်းလွယ်အိတ်ကို လွယ်တတ်ခါစမှအစပြုကာ ပညာသင်ပေးခဲ့ကြရသူများဖြစ်သည်။ သူတို့သည်ကား ကျောင်းသား ကျောင်းသူလေးများ၏ အနှံ့အတာကို အခံရဆုံးဖြစ်သည်။မူလတန်းဆရာ ဆရာမတို့သည် ကျောင်းစာ တစ်မျိုးတည်းကိုသာ သင်ကြားရုံသက်သက်မဟုတ်ချေ။ အတတ်လည်းသင် ပုံပြင်ဆုံးမဆိုသည့်အတိုင်း အတတ်ပညာကို သင်ကြားပေးကြသည့်အပြင် မလိမ္မာ မိုက်မဲသမျှကိုလည်း ယဉ်ကျေးလိမ္မာကလေးများဖြစ်အောင် ပြုပြင်ပေးကြသည်။ မိဘလိုတစ်ဖုံ ဆရာလိုတစ်သွယ် သွန်သင်ဆုံးမပေးကြသည်။ ထိုမိဘသဖွယ် ဆရာတို့၏ ကျေးဇူးကား အာစရိယဂုဏော အနန္တောဟု ဆိုသည့်အတိုင်း အလွန်ပင်ကြီးမားလှသည်။**

**ထို့ကြောင့် မိဘသဖွယ်ဖြစ်သော ဆရာ ဆရာမများ၏ ကျေးဇူးကို ပြန်ပြောင်းအောက်မေ့သတိရကြရပေမည်။ တတ်စွမ်းသရွေ့ ပူဇော်ကန်တော့သင့်ကြပေသည်။** "ငါတို့သည် ဤကျောင်း ဤဆရာတို့ထံ၌ ပညာရည်နို့သောက်စို့ခဲ့ကြသည်။ ငါတို့အား အတတ်ပညာကိုလည်း သင်ပေးသည်၊ အသိပညာတွေကိုလည်း သင်ပေးသည်။ ယဉ်ကျေးလိမ္မာအောင်လည်း သင်ပေးသည်"**ဟု အောက်မေ့သတိရကြပေမည်။ နှစ်စဉ်နှစ်တိုင်း အာစရိယပူဇော်ပွဲများ ကျင်းပလေတိုင်း မိဘသဖွယ်ဆရာများဖြစ်ကြသည့် မူလတန်း ဆရာကြီး ဆရာမကြီးတို့ကိုလည်း အထူးဂရုပြု၍ ပူဇော်ကန်တော့သင့်ပေသည်။**

**မူလတန်း ဆရာ ဆရာမတို့သည် အခြားသော ဆရာ ဆရာမများထက် ကျောင်းသား ကျောင်းသူလေးများအား ပိုမိုပြုစုစောင့်ရှောက်ပေးကြရသည်။ ထို့ကြောင့် မူလတန်းကာလ သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမတို့၏ ကျေးဇူးတရားသည် လွန်စွာကြီးမားလှပေသည်။ သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် မိဘလိုသဖွယ်၊ ဆရာလိုတစ်သွယ် ကျေးဇူးတရားကြီးမားလှသည့် မူလတန်း ဆရာ ဆရာမများအား နှစ်စဉ်နှစ်တိုင်း အာစရိယပူဇော်ပွဲများဖြင့် ပူဇော်ဂါရဝပြုသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။**

21-8 (02).pmd 1 21/08/2012, 2:22 AM


နိုင်ငံတကာသတင်းများ

# ပင်လယ်ပြင်၌ သဘာဝဘေးဒုက္ခကြုံတွေ့နေရသူများ အီတလီနိုင်ငံ လမ်ပီဒူးဆာကျွန်းကမ်းလွန်၌ ကယ်ဆယ်ခဲ့ရ

ရောမ ဩဂုတ် ၂၀

အာဖရိကမှနေ၍ ဥရောပနိုင်ငံများသို့ တရားမဝင် ဝင်ရောက်ရန် ကြိုးစားသည့် လူ ၃၅၀ ကျော်အား အီတလီနိုင်ငံ လမ်ပီဒူးဆာကျွန်း ကမ်းလွန်ရေပြင်တွင် ဩဂုတ် ၁၉ ရက်က ၎င်းတို့၏ရေယာဉ်များ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေမှုကြောင့် အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ကယ်ဆယ်ခဲ့ရကြောင်း အီတလီအရာရှိများက ဩဂုတ် ၂၀ ရက်တွင်ပြောကြားသည်။ **(အောက်ပုံ)**

၎င်းတို့အနက် အာဖရိက ဆာဟာရဒေသခွဲနိုင်ငံများမှ ၁၅ မီတာရှည်သော သစ်သားကူးတို့ယာဉ်တစ်စင်းနှင့်အတူ လိုက်ပါလာသော ၂၃၁ ဦးကို လမ်ပီဒူးဆာကျွန်းကမ်းလွန်၌ ရေလှိုင်းကြီးများ ရိုက်ပုတ်ခံရပြီး ဘေးအန္တရာယ်ကြုံတွေ့ချိန်၌ သွားရောက်ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ ယင်းတို့အနက် အမျိုးသမီး ၃၃ ဦးနှင့် ကလေးငယ်လေးဦးလည်း ပါဝင်သည်။



တစ်ဖန် တူနီးရှားနိုင်ငံသား ၁၂၆ ဦးအားတင်ဆောင်လာသော အရှည် ၁၀ မီတာရှိသည့် ကူးတို့ယာဉ်တစ်စင်းကိုလည်း ပင်လယ်ပြင်တွင် မျောပါနေမှုကြောင့် အီတလီကမ်းခြေစောင့်တပ်ဖွဲ့က ရေယာဉ်များဖြင့် ဩဂုတ် ၁၉ ရက်တွင် သွားရောက်ကယ်ဆယ်ခဲ့ရသည်။

အာဖရိကနိုင်ငံများမှ ပြည်သူများသည် ဆင်းရဲမှုကြောင့် မြေထဲပင်လယ်ကို သစ်သားကူးတို့ယာဉ်များဖြင့် ဖြတ်သန်းကာ ဥရောပတောင်ပိုင်း နိုင်ငံများသို့ တရားမဝင် ဝင်ရောက်ရန်ကြိုးစားနေကြခြင်းဖြစ်သည်။

ယခု ကယ်ဆယ်ခဲ့သည့် လူများနှင့် ကူးတို့ယာဉ်ကို တူနီးရှားနိုင်ငံအရှေ့ပိုင်း မိုင် ၈၀ ခန့်အကွာ ဆီလီကွန်မြို့တောင်ဘက်ကမ်းလွန်ရှိ အီတလီနိုင်ငံပိုင် လမ်ပီဒူးဆာကျွန်းကမ်းလွန်၌ ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



# အိန္ဒိယနိုင်ငံလုပ်တင့်ကားဖျက်ဒုံးကျည် စမ်းသပ်ပစ်ခတ်မှု မအောင်မြင်

နယူးဒေလီ ဩဂုတ် ၂၀

အိန္ဒိယနိုင်ငံမှ တင့်ကားဖျက်ဒုံးကျည်တစ်စင်းကို အိန္ဒိယနိုင်ငံသဲကန္တာရတစ်ခုတွင် မကြာမီက စမ်းသပ်ပစ်ခတ်ခဲ့ရာ အောင်မြင်မှုမရရှိခဲ့ကြောင်း အိန္ဒိယမီဒီယာများက ဩဂုတ် ၂၀ ရက်တွင် ဖော်ပြသည်။ **(ဝဲပုံ)**

**ပစ်ခတ်စမ်းသပ်**

အဆိုပါတင့်ကားဖျက် ဒုံးကျည်ကို အိန္ဒိယနိုင်ငံပိုင် ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးအဖွဲ့က အိန္ဒိယတပ်မတော်အတွက် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်းတင့်ကားဖျက်ဒုံးကျည်ကို လေးကြိမ်ပစ်ခတ်စမ်းသပ်ခဲ့သော်လည်း ပစ်မှတ်ကို ထိမှန်ခြင်းမရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ထိုသို့စမ်းသပ်မှုကို အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဂျာပြည်နယ်သဲကန္တာရအတွင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မိမိတို့ ယခုအကြိမ် စမ်းသပ်မှုမအောင်မြင်ခဲ့ကြောင်း၊ သို့သော်မကြာမီ ပြင်ဆင်မှုများပြုလုပ်ကာ ပစ်မှတ်ကိုထိမှန်အောင် ကြိုးစားစမ်းသပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံပိုင် သတင်းဌာနတစ်ခုနှင့် တွေ့ဆုံစဉ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခုထုတ်လုပ်ထားသည့် တင့်ကားဖျက်ဒုံးကျည်ကို အိန္ဒိယနိုင်ငံက ၁၉၈၀ ခုနှစ်ကတည်းက စတင်ထုတ်လုပ်သည့် ပဲ့ထိန်းဒုံးကျည်များ တိုးတက်ဖွံ့ဖြိုးရေးအစီအစဉ်၏ အကောင်အထည်ဖော်မှု အစိတ်အပိုင်းတစ်ခုအဖြစ် ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

# ဘင်္ဂလားဒေ့ရှ်အရှေ့မြောက်ပိုင်း၌ သဘာဝဓာတ်ငွေ့သိုက်အသစ်တွေ့ရှိ

ဒါကာ ဩဂုတ် ၂၀

ဘင်္ဂလားဒေ့ရှ်နိုင်ငံအရှေ့မြောက်ပိုင်း စွမ်းအင်ရှာဖွေရေးလုပ်ကွက်တစ်ခု၌ ဩဂုတ် ၂၀ ရက်က ဓာတ်ငွေ့သိုက်သစ်ကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ သဘာဝဓာတ်ငွေ့ အများအပြား ထုတ်ယူနိုင်မည့်အခြေအနေရှိကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ သဘာဝဓာတ်ငွေ့သိုက်မှာ ဒါကာမြို့တော်မှ အရှေ့မြောက်ဘက် ၂၄၁ ကီလိုမီတာခန့်အကွာ ဆိုင်ဟက်မြို့အနီး ဓာတ်ငွေ့ရှာဖွေရေးလုပ်ကွက်၌တည်ရှိသည်။ ၎င်းဓာတ်ငွေ့သိုက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံပိုင် ဘာပက်ကုမ္ပဏီက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယခုအခါ ဓာတ်ငွေ့သိုက် ကနဦးစမ်းသပ်တူးဖော်မှုပြုလုပ်ပြီး ဓာတ်ငွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း၊ ၎င်းဓာတ်ငွေ့သိုက်သည် အဆိုပါလုပ်ကွက်အတွင်း စတုတ္ထမြောက်ဓာတ်ငွေ့သိုက်ဖြစ်ကြောင်း ဘာပက်ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာမိုတူဆာအာမက်က ပြောကြားသည်။ ယင်းဓာတ်ငွေ့သိုက်အလွှာကို မြေအောက်အနက် ၂၇၂၂ မီတာ၌ တွေ့ရှိရပြီး ဓာတ်ငွေ့ပမာဏ မည်မျှရှိနိုင်မည်ကို အတိအကျမခန့်မှန်းနိုင်သေးကြောင်း၊ သို့သော် တစ်နေ့လျှင် ဓာတ်ငွေ့သန်း ၂၀ ကုဗပေခန့် ထုတ်ယူနိုင်မည်ဟု မှန်းဆထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဓာတ်ငွေ့သိုက်အသစ်တွေ့ရှိမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုလိုအပ်ချက်ကို အထောက်အကူပြုဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**



# အမေရိကန်နိုင်ငံ၌ ရေယာဉ်တစ်စင်း ကျောက်ဆောင်နှင့်တိုက်မိ

အလက်စကာ ဩဂုတ် ၂၀

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ ဂလာစီယာ ပင်လယ်အော် ရေပြင်တွင် ဩဂုတ် ၂၀ ရက်က ကမ်းခြေအလှရှုခင်းများလှည့်လည်ကြည့်ရှုနေသည့် အပျော်စီးရေယာဉ်တစ်စင်း ကျောက်ဆောင်တစ်ခုနှင့် ဝင်တိုက်မိပြီးနောက် လူ ၇၂ ဦးကို ကယ်ဆယ်ခဲ့ရကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

**နစ်မြုပ်ခြင်းမရှိ**

၇၉ ပေရှည်သော Baranof wind အမည်ရှိ အဆိုပါ ရေယာဉ်သည် ထိုသို့မတော်တဆဖြစ်ပွားမှုကြောင့် လူအနည်းငယ် ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းရေယာဉ်သည် ကျောက်ဆောင်နှင့်တိုက်မိသော်လည်းနစ်မြုပ်မှုမရှိကြောင်း၊ ယင်းဖြစ်ရပ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုနှင့်ပတ်သက်၍ ချက်ချင်းထုတ်ပြန်ခြင်းမရှိကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ဆက်လက်ပြောကြားသည်။

ခရီးသည် ၇၀ ကို အခြားအပျော်စီးသင်္ဘောတစ်စင်းပေါ်သို့ ရွှေ့ပြောင်းကယ်ဆယ်ခဲ့ရကြောင်း၊ ၎င်းခရီးသည်များကို ဘားလက်ပင်လယ်ကွေ့သို့ ပို့ဆောင်ပေးပြီး ထိုမှတစ်ဆင့် အခြားသောရေယာဉ်ဖြင့် အလက်စကာပြည်နယ်ရှိ ဂျွန်အော်မြို့ဆိပ်ကမ်းသို့ ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်နှစ်ဦးမှာ ရေယာဉ်အမှုထမ်းလေးဦးနှင့်အတူ ရေယာဉ်ပေါ်တွင် ကျန်ရှိနေခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ဆက်လက် ပြောကြားသည်။ **(အင်တာနက်)**

# ထရီပိုလီမြို့ လုံခြုံရေးအဆောက်အအုံအနီး ဗုံးပေါက်ကွဲ

ထရီပိုလီ ဩဂုတ် ၂၀

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာနနှင့်လုံခြုံရေး အဆောက်အအုံများအနီးတွင် ဩဂုတ် ၁၉ ရက်က ဗုံးပေါက်ကွဲမှုသုံးကြိမ်ဖြစ်ပွားသဖြင့် အနည်းဆုံး နှစ်ဦးသေဆုံးခဲ့သည်။

ပထမကားဗုံးမှာ ထရီပိုလီမြို့ ပြည်ထဲရေးဝန်ကြီးဌာန အုပ်ချုပ်ရေးရုံးများအနီးတွင် ပေါက်ကွဲသော်လည်း ထိခိုက်သေဆုံးမှုမရှိဟုဆိုသည်။ အခင်းဖြစ်ပွားရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ ရောက်သောအခါအခြားကားနှစ်စီးမှာ ဗုံးခွဲတိုက်ခိုက်ခြင်း မပြုသေးပေ။

မိနစ်အနည်းငယ်အကြာတွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးမေးမြန်းမှုနှင့် ဖမ်းဆီးချုပ်နှောင်မှုတို့အတွက်အသုံးပြုသော အမျိုးသမီးရဲသိပ္ပံဌာနချုပ်ဟောင်းအနီး၌ ၎င်းကားနှစ်စီး ဗုံးကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

# အာဖရိကအနောက်ပိုင်းနိုင်ငံများ၌ ဝမ်းရောဂါဖြစ်ပွားလျက်ရှိ

ကိုနာကရီ ဩဂုတ် ၂၀

ဂီနီ၊ ဆီရာလီယွန်၊ မာလီနှင့် နိုင်ဂျာစသည့်အာဖရိကတိုက်အနောက်ပိုင်းနိုင်ငံများ၌ ယခုနှစ် ဇန်နဝါရီလကတည်းက ဝမ်းပျက် ဝမ်းလျှောရောဂါကြောင့် သေဆုံးသူ ရာချီရှိသော်လည်း ရောဂါပျံ့နှံ့မှုရပ်ဆိုင်းသည့် လက္ခဏာမရှိသေးဟုသိရသည်။ ဂီနီ ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါဌာနမှ ဆရာဝန်ဒေါက်တာဆာကိုဘာကီးတာက ပြီးခဲ့သည့် သီတင်းပတ်က ရောဂါဖြစ်သူ ၂၀၅၄ ဦးအနက် သေဆုံးသူ ၆၀ ရှိကြောင်း၊ ယခုအပတ်၌ သေဆုံးသူ ၈၂ ဦးအထိရှိကြောင်း ဩဂုတ် ၁၈ ရက် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အာဏာပိုင်များက ဂရုပြုဆောင်ရွက်သော်လည်း ဝမ်းရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းသွားသည်မရှိကြောင်း ၎င်းကရှင်းပြသည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၀-၈-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) – စုစည်းသည်



# ရုရှားမှ ဂျက်တိုက်လေယာဉ်များ ဗင်နီဇွဲလားဝယ်ယူမည်

*ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို အင်အားဖြည့်တင်းရန် ရုရှားနိုင်ငံလုပ် ဆူခွိုင်းအက်စ်ယူ-၃၅ ဖလန်ကာ-အီး ဂျက်တိုက်လေယာဉ်များကို ဝယ်ယူရန်အတွက် စိတ်ဝင်စားလျက်ရှိကြောင်း ဩဂုတ် ၁၉ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ (အပေါ်ပုံ)*

*မိမိအနေဖြင့် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်များမြှင့်တင်ရန်နှင့်ခေတ်မီဆန်းသစ်စေရန်အတွက် ဆူခွိုင်းအက်စ်ယူ-၃၅ ဂျက်တိုက်လေယာဉ်များကို လာမည့်နှစ်အနည်းငယ်အတွင်း ဝယ်ယူတော့မည်ဖြစ်ကြောင်း၊ ရုရှားအစိုးရထံသို့အကြောင်းကြားစာတစ်ရပ်ပို့ထားပြီးဖြစ်ကြောင်း ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်၏ ပြောကြားချက်ကို နိုင်ငံပိုင်အမျိုးသားအသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။*

*ဆူခွိုင်းအက်စ်ယူ-၃၅ လေယာဉ်သည် အင်ဂျင်နှစ်လုံး တပ်ဆင်ထားသည့် အဆင့်မြင့် ဂျက်တိုက်လေယာဉ်ဖြစ်သည်။ ယင်းလေယာဉ်သည် ပဲ့ထိန်းစနစ်ပါသော ဒုံးကျည်နှင့် ပဲ့ထိန်းစနစ်မပါသော ဒုံးကျည်လက်နက်များကို တပ်ဆင်ကာ ပစ်မှန်ကို ထိမှန်အောင် ပစ်ခတ်နိုင်သည်ဟု ဆိုသည်။*

# ဂွါတီမာလာလေဆိပ်တစ်ခု၌ ကိုကင်း ၄၀၅ ကီလိုဂရမ်နှင့် မူးယစ်မှောင်ခိုကူးသူ ၁၂ ဦးအား ရဲတပ်ဖွဲ့ဖမ်းဆီး

*ဂွါတီမာလာနိုင်ငံ ရဲတပ်ဖွဲ့သည် ကိုကင်း ၄၀၅ ကီလိုဂရမ်နှင့် မူးယစ်မှောင်ခိုကူးသူများဟု ယူဆရသည့် မသင်္ကာဖွယ် ၁၂ ဦးအား ဩဂုတ် ၁၉ ရက်က ဂွါတီမာလာမြို့ နိုင်ငံတကာလေဆိပ်တစ်ခုမှ ဖမ်းဆီးရမိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင်ဖော်ပြသည်။*

*အဆိုပါ မသင်္ကာဖွယ် ၁၂ ဦးမှာ ဂွါတီမာလာနိုင်ငံသား ခုနစ်ဦးနှင့် အီကွေဒေါနိုင်ငံသား ငါးဦးတို့ဖြစ်သည်။ ၎င်းတို့ ၁၂ ဦးသည် နိုင်ငံအတွင်းသို့ မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းရန်ကြိုးစားမှုကြောင့် ဂွါတီမာလာမြို့ လာအူရိုရာနိုင်ငံတကာလေဆိပ်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။*

*၎င်းတို့အားလုံးသည် ပုဂ္ဂလိကပိုင်လေယာဉ်တစ်စင်းဖြင့် စီးနင်းလိုက်ပါရောက်ရှိခဲ့ပြီးနောက် ယင်းလေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးကောင်တာ၌ ဖြတ်သန်းစဉ် ၎င်းတို့အုပ်စုမှတစ်ဦးမှာ မသင်္ကာဖွယ်ရာအမူအရာဖြင့် စိုးရိမ်မှုများဖြစ်ပေါ်မှုကြောင့် လေဆိပ်အာဏာပိုင်များက ၎င်းတို့၏ခရီးဆောင်အိတ်များကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ လေဆိပ်အရာရှိများက ထိုသို့ရှာဖွေစစ်ဆေးမှုများပြုလုပ်ရာမှ ၎င်းတို့ ယူဆောင်လာသည့် ခရီးဆောင်အိတ် ၁၆ လုံးတွင် မူးယစ်ဆေးဝါးအထုပ်များပါရှိသည်ကိုတွေ့ရှိခဲ့ရာ မူးယစ်ဆေးဝါးများနှင့်အတူ ၎င်းတို့အားလုံးကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။* **(အင်တာနက်)**

# ဗီယက်နမ်မြောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်မုန်တိုင်းကြောင့် နေအိမ်အချို့ပျက်စီး၊ ၂၇ ဦးသေဆုံး

*ဗီယက်နမ်နိုင်ငံ၏ မြောက်ပိုင်းပြည်နယ်များကို ဖြတ်သန်းပြီး အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ၂၇ ဦးသေဆုံးပြီး နေအိမ်ပေါင်းများစွာ ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ဩဂုတ် ၁၉ ရက်တွင် ပြောကြားသည်။ (အောက်ပုံ)*

*ကိုင်တပ်အမည်ရှိ အဆိုပါ အပူပိုင်းမုန်တိုင်းသည် ဩဂုတ် ၁၈ ရက်က ဗီယက်နမ်နိုင်ငံမြောက်ပိုင်းရှိ ကုန်းတွင်းဒေသများကို ဝင်ရောက်တိုက်ခတ်ခဲ့ပြီးနောက် လေပြင်းများတိုက်ခတ်ကာ မိုးများသည်းထန်စွာ ရွာသွန်းခဲ့သည်။ ၎င်းမုန်တိုင်းကြောင့် နေအိမ်ပေါင်း ၁၂၀၀၀ ခန့် ပျက်စီးခဲ့ပြီး ကောက်ပဲသီးနှံစိုက်ခင်းပေါင်း ဧက ၅၆၈၀၀ ရေလွှမ်းခဲ့သည်။ လူအများစုမှာ ရေနစ်မျောပါပြီး သေဆုံးကာ တစ်ဦးမှာမြေပြိုမှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။*

*ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းတွင် ကြီးမားသောသစ်ပင်ပေါင်း ၂၀၀ ခန့် အမြစ်ကျွတ်ထွက်ပြိုလဲခဲ့ပြီး တက္ကစီမောင်းသူတစ်ဦးမှာ ၎င်း၏ကားပေါ်သို့ သစ်ပင်တစ်ပင်လဲကျမှုကြောင့် သေဆုံးခဲ့သည်။ ဘတ်ဂီအန်ပြည်နယ်တွင် အသက် ၄၆ နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးမှာ တောင်ကုန်းတစ်ခုအနီး သူမ၏နေအိမ်ပြိုကျမှုကြောင့် သေဆုံးခဲ့သည်။ ဩဂုတ် ၁၉ ရက်အထိ မြို့တော်ဟနွိုင်းတွင် ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်မှုကြောင့် ဒေသအာဏာပိုင်များက ရေနုတ်မြောင်းစနစ်များဖြင့် မွမ်းမံပြုလုပ်လျက်ရှိသည်။ ဗီယက်နမ်စစ်တပ်မှ အစိုးရတပ်ဖွဲ့ဝင်ပေါင်း ၂၀၀၀၀ ခန့်က ရဟတ်ယာဉ်များ၊ ကယ်ဆယ်ရေးလှေများ၊ ကူးတို့လှေငယ်များဖြင့် ရေလွှမ်းမှုဖြစ်ပွားရာဒေသများသို့ ကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်လုပ်ဆောင်ရန်အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။*



မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု တိုး - ရေးသားသည်

# အမေရိကန်နိုင်ငံ ဒေသအချို့၌ ရာသီဥတုဖောက်ပြန် အနောက်နိုင်ငံများ၌ စားနပ်ရိက္ခာဈေးနှုန်း မြင့်လာမည့်အရေးစိုးရိမ်


***ကမ္ဘာ့တစ်ဝန်းတွင် စားနပ်ရိက္ခာဈေးနှုန်းများ မတည်မငြိမ်ဖြစ်မှုမှာ အဆုံးသတ်တော့မည့်လက္ခဏာ မတွေ့ရသေးပေ။ အမေရိကန်နိုင်ငံ အနောက်ပိုင်း ဂျုံစိုက်ဒေသတစ်ဝန်းတွင် ရာသီဥတု ဆိုးရွားဖောက်ပြန်မှုကြောင့် အထွက်လျော့ကာ ဂျုံမလုံမလောက်ဖြစ်ပြီး အနောက်နိုင်ငံများ၌ ဈေးနှုန်းအဆမတန်မြင့်တက်လာမည်ကို စိုးရိမ်လာရသည်။***

ဩစတြေးလျနိုင်ငံ ဗီယင်နာအခြေစိုက် လယ်ယာထွက်ကုန်များဆိုင်ရာ ဥက္ကဋ္ဌ ဂျိုးဇက်ဒီထရစ်က ဂျုံ၊ ဆန်စသော ကမ္ဘာ့ကောက်ပဲသီးနှံဖြန့်ဖြူးရေးနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ဩဂုတ် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ ယခုနှစ် စပါးသီးနှံအထွက်ကျဆင်းခြင်းကြောင့် ကမ္ဘာ့တစ်ဝန်းရှိ စပါးကျီများမှာ ဟောင်းလောင်းဖြစ်နေခဲ့ပြီ ဖြစ်ကြောင်း၊ ကမ္ဘာ့အချို့ဒေသများ၌လည်း သီးနှံအထွက်မကောင်းသဖြင့် ယခုနှစ် အခြေအနေများမှာ ဆိုးရွားလျက်ရှိကြောင်း ၎င်းက ပြောကြားလိုက်သည်။

၂၀၁၁ ခုနှစ် ဩဂုတ်လက တစ်တန်လျှင်ယူရို ၂၃၀ ရှိခဲ့သည့် ဩစတြီးယားနိုင်ငံမှ အရည်အသွေး အကောင်းဆုံးဂျုံမှာ ယခုအခါ အီတလီသို့တစ်တန်လျှင် ယူရို ၂၆၀ကျော်ဖြင့် ရောင်းချခဲ့ရသည်။ ရိုမေးနီးယားနှင့် ပင်လယ်နက်ဒေသနိုင်ငံများကဲ့သို့သော ဒေသတွင်းနိုင်ငံများ၌ ကောက်ပဲသီးနှံထွက် ကျဆင်းသည့်အတွက် ဈေးနှုန်းတက်မည်ဟု ၎င်းက ပြောကြားသည်။

**လက်မှိုင်ချ**

***အမေရိကန်နိုင်ငံတွင် အလွန်အမင်း မိုးခေါင်ခြင်းကြောင့် ပြောင်းဖူးစိုက်ပျိုးမြေများ မြေဆီခြောက်သွေ့သဖြင့် ယာသမားများ ဤသို့ လက်မှိုင်ချရသည်ကို တွေ့ရသည်။***



ထို့ကြောင့်ပင် စားနပ်ရိက္ခာဈေးနှုန်းများ ဇူလိုင်လတွင် ပြန်၍ ခုန်တက်သွားခဲ့ကြောင်း ရောမအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) က ယင်း၏ လစဉ် စားနပ်ရိက္ခာဈေးနှုန်းအညွှန်းတွင် ဖော်ပြခဲ့သည်။

အက်ဖ်အေအို ဈေးနှုန်းအညွှန်းတွင် ရိက္ခာ လက်ကားဈေးနှုန်းမှာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် လချင်းအလိုက် အမြင့်ဆုံး စံချိန်တင်ခဲ့ကြောင်း၊ ယခုအခါ ထိုစံချိန်ကို မမီသေးကြောင်း ဖော်ပြနေသည်။ သို့သော် စားနပ်ရိက္ခာ လက်လီဈေးနှုန်းများ မြင့်တက်မှုသည် ဗြိတိန်နိုင်ငံနှင့်တကွ ကမ္ဘာ့တစ်ဝန်း လူသုံးကုန်ပစ္စည်း ဈေးနှုန်းတက်ရခြင်း၏ အဓိကအကြောင်းရင်းများ ဖြစ်နေသည်ဟု ဆိုသည်။

အမေရိကန်နိုင်ငံမှ အဓိကကောက်ပဲသီးနှံစိုက်ဒေသများမှာ ၂၅ နှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်မှုနှင့် ရင်ဆိုင်လိုက်ရသည့်အတွက် အထွက်နှုန်းထိခိုက်ကာ ဂျုံ၊ ပြောင်းဖူးနှင့် ပဲပိစပ်ဈေးနှုန်းများ သိသိသာသာတက်ခဲ့သည်။ ဂျုံဈေးတစ်ခုတည်းပင် မကြာမီလများအတွင်းက ၃၅ ရာခိုင်နှုန်းအထိ တက်သည်။

ရာသီဥတု ဆိုးရွားဖောက်ပြန်မှုများကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများမှာ ဇူလိုင်လအတွင်း ခုန်တက်လာသည်ဟု အက်ဖ်အေအိုကကြေညာသည်။ ယင်းသို့ စားနပ်ရိက္ခာဈေးနှုန်းတက်ခြင်းကြောင့် ၂၀၀၇-၂၀၀၈ ခုနှစ် ရိက္ခာအကျပ်အတည်းမျိုး ထပ်မံကြုံတွေ့ရမည်ကို စိုးရိမ်လာမိခြင်းဖြစ်သည်။

ဘရာဇီးနိုင်ငံ၌ အခါမဟုတ် ရွာသည့်မိုး၊ အမေရိကန်နိုင်ငံ မိုးခေါင်မှု၊ ရုရှားနိုင်ငံအတွင်း ရိက္ခာထုတ်လုပ်မှုဆိုင်ရာ အခက်အခဲများက ဈေးနှုန်းများ မြင့်မားစေသည်ဟုလည်းဆိုသည်။စားနပ်ရိက္ခာဈေးနှုန်းမှာ သုံးလေးလကြာတန့်နေပြီးမှ ဇွန်လမှ ဇူလိုင်လတို့တွင် ခုန်တက်လာခြင်းဖြစ်သည်။ ကောက်ပဲသီးနှံများ၊ ဆီထွက်သီးနှံ၊ နို့ထွက်ပစ္စည်း၊ သားငါးနှင့် သကြားအပါအဝင် စားနပ်ရိက္ခာဈေးနှုန်းများ၏ လစဉ် အတက်အကျကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ စားနပ်ရိက္ခာဈေးနှုန်းအညွှန်းက ခန့်မှန်းဖော်ပြလေ့ရှိသည်။

မကြုံစဖူး ရာသီဥတုဖောက်ပြန်မှုကြောင့် ဈေးကွက်အခြေအနေ တစ်မူထူးခြားလာရာ အက်ဖ်အေအိုက ယခု စားနပ်ရိက္ခာ ဈေးနှုန်းများ အညွှန်းကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

ကမ္ဘာ့သကြားအများဆုံး ထုတ်လုပ်သည့် ဘရာဇီးနိုင်ငံတွင် ကြံစိုက်ပျိုးရေးကို မိုးကအဟန့်အတားပြုပြီးနောက် သကြားဈေးနှုန်းမှာ ပြီးခဲ့သည့် လကထက် ဇူလိုင်လတွင် ၁၂ ရာခိုင်နှုန်းတက်သည်။ တစ်ချိန်တည်းမှာပင် ကောက်ပဲသီးနှံ ဈေးနှုန်းက ထိုကာလအတွင်း ၁၇ ရာခိုင်နှုန်း တက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၏ မုတ်သုံမိုးနောက်ကျခြင်း၊ ဩစတြေးလျနိုင်ငံ၌ မိုးနည်းခြင်းတို့ကြောင့်လည်း သီးနှံထွက်ကျဆင်းကာ စားနပ်ရိက္ခာကုန်ဈေးနှုန်းများ တက်ရခြင်းတွင် အကြောင်းတရားတစ်ခုအဖြစ် ပါဝင်သည်။

အမေရိကန်နိုင်ငံတွင် အလွန်အမင်း မိုးခေါင်ပြီးနောက် ပြောင်းဖူးထွက်ရှိမှုအလားအလာ အကြီးအကျယ် ပိုမိုဆိုးရွားခြင်းက ဇူလိုင်လတွင် ပြောင်းဖူးဈေးနှုန်း ၃၃ ရာခိုင်နှုန်း တက်အောင် တွန်းပို့ပေးလိုက်ခြင်းဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က သုံးသပ်ဖော်ပြသည်။ ဝက်သားဈေး ထိုးကျသည့်အတွက် အသားဈေးနှုန်း ၁ ဒသမ ၇ ရာခိုင်နှုန်း ကျသော်လည်း ဆန်နှင့် နို့ထွက်ပစ္စည်း ဈေးနှုန်းမှာ မပြောင်းလဲဘဲ တန့်နေသည်။

မည်သို့ပင်ဖြစ်စေ စားနပ်ရိက္ခာဈေးနှုန်းများ မြင့်မားလာမှုက ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ကြုံတွေ့ခဲ့ရသည့် စားနပ်ရိက္ခာအကျပ်အတည်းမျိုး ထပ်မံဖြစ်လာမည်ကို စိုးရိမ်ရသည်။ ထိုရိက္ခာအကျပ်အတည်းကာလက ဟေတီနှင့် အီဂျစ်လိုနိုင်ငံများတွင် မခံမရပ်နိုင်သည့် ပြည်သူများက လမ်းပေါ်ထွက် ဆန္ဒပြကာ အကြမ်းဖက်မှုများ ရင်ဆိုင်စေခဲ့ရသည် မဟုတ်ပါလား။

၂၀၀၇-၂၀၀၈ ခုနှစ်က အခြေအနေမျိုး ပြန်ဆိုက်ရောက်သွားနိုင်သည့် အလားအလာများရှိကြောင်း အက်ဖ်အေအို ထိပ်တန်းစီးပွားရေးပညာရှင် အဗ္ဗဒူရီဇာအဘာရှန်က ပြောကြားသည်။

အက်ဖ်အေအို ထိပ်တန်းစီးပွားရေးပညာရှင် အဘာရှန်က ယင်းတို့ကို ထောက်ပြပြီးနောက် ယခုတစ်ကြိမ်တွင် မိမိတို့အနေဖြင့် မှားယွင်းသည့်မူဝါဒများကိုလည်း ချမှတ်မည်မဟုတ်ကြောင်း၊ ဈေးကွက်အတွင်း ကန့်သတ်ချက်များ သွတ်သွင်းကာ ဝင်ရောက်စွက်ဖက်မှုများလည်း ပြုလုပ်မည်မဟုတ်ကြောင်း၊ ထိုသို့ မလုပ်လျှင် အတိတ်က အခြေအနေဆိုးမျိုး ထပ်ဖြစ်လာမည် မဟုတ်ကြောင်း သူက အာမခံလိုက်သည်။ ။

***ကိုးကား-အင်တာနက်***

---

မြန်မာ့အလင်း ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

## ကံကောင်းလွန်းသည့် လေထီးခုန်သမား မြေပြင်နားရောက်မှ လေထီးပွင့်ပြီး အသက်ဘေးလွတ်

**ဝယ်လင်တန် ဩဂုတ် ၂၀**

နယူးဇီလန်နိုင်ငံမှ လေထီးခုန်သမားတစ်ဦးသည် မြေပြင်မှ အမြင့်မီတာ ၄၀၀၀ ခန့်က အလွတ်ခုန်ချခဲ့ရာ သတ်မှတ်ထားသည့် အမြင့်ပေ၌ လေထီးမပွင့်ဘဲ မြေပြင်အနီးရောက်မှသာ လေထီးပွင့်ခဲ့သဖြင့် သေကံမရောက် အသက်မပျောက်ခဲ့ကြောင်း ဩဂုတ် ၂၀ ရက်၌ အင်တာနက် သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**

အသက် ၃၅ နှစ်အရွယ်ရှိ လိန်းဒန်နေအမည်ရှိ လေထီးခုန်သမားသည် မြေပြင်မှ အမြင့်မီတာ ၁၂၀၀ အရောက်တွင် လေထီးပွင့်ရမည်ဖြစ်သော်လည်း မြေပြင်မှ မီတာ ၂၂၀ အမြင့်ရောက်မှသာ လေထီးပွင့်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ မြေပြင်အနီးမှ လေထီးပွင့်ခဲ့သဖြင့် မူလက သတ်မှတ်ဆင်းသက်ရန်ဖြစ်သည့် မိုတူကာမြို့အနီး မြက်ခင်းပြင်တွင် မဆင်းသက်နိုင်တော့ဘဲ ရွှံ့နွံများ ထူပြောရာနေရာသို့ ကျဆင်းခဲ့ရသည်။ သို့သော် ဆိုးရွားစွာထိခိုက်မှုမရှိခဲ့၍ ကံကောင်းခဲ့ခြင်းဖြစ်သည်။



သို့သော် ၎င်း၏ကျောဘက်နှင့် ခြေထောက်များတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့အမြန်တင်ပို့ကာ ဆေးကုသမှုခံယူစေခဲ့သော်လည်း ကျန်းမာရေးအခြေအနေကောင်းပြီး အသက်အန္တရာယ်မရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

---

မိုးမြင့်လင်းလက် – ရေးသားသည်

## ဝမ်းဗိုက်အတွင်း ၁၀ နှစ်ကြာရှိနေခဲ့သည့် ပလတ်စတစ်ခက်ရင်း ဆရာဝန်များက အောင်မြင်စွာ ခွဲစိတ်ဖယ်ရှားပေးနိုင်ခဲ့

**လန်ဒန် ဩဂုတ် ၂၀**

အင်္ဂလန်နိုင်ငံ ဘန့်စ်လေမြို့မှ အမျိုးသားတစ်ဦးသည် ဝမ်းဗိုက်နာကျင်မှုဝေဒနာခံစားနေရသဖြင့် ဘန့်စ်လေမြို့ဆေးရုံသို့ ဆေးကုသမှုခံယူရန် တက်ရောက်ခဲ့ရာ ဆရာဝန်များက စမ်းသပ်စစ်ဆေးခဲ့ရာမှ ၎င်း၏ ဝမ်းဗိုက်အတွင်း အရှည်ကိုးလက်မရှိသော ပလတ်စတစ်ခက်ရင်းတစ်ချောင်းကို တွေ့ရှိခဲ့ပြီး ခွဲစိတ်ဖယ်ရှားပေးခဲ့ရကြောင်း ဩဂုတ် ၂၀ ရက်က သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

လီဂတ်နာအမည်ရှိ ၎င်းအမျိုးသားသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်က အပျော်ခရီးထွက်စဉ်က တစ်ခါသုံးပလတ်စတစ်ခက်ရင်းကို လေထဲမြှောက်ကာ ပါးစပ်ဖြင့် ဖမ်းယူကစားစဉ် ပါးစပ်မှတစ်ဆင့် ဝမ်းဗိုက်အတွင်းသို့ မတော်တဆဝင်ရောက်သွားခြင်းဖြစ်သည်။ သို့သော် ထိုအချိန်က မည်သို့မျှ မခံစားခဲ့ရကြောင်း၊ အစားအစာများ စားခြင်းနှင့် သွားလာရာတွင်လည်း မည်သည့် အခက်အခဲမျှ မဖြစ်ခဲ့ကြောင်း မစ္စတာလီဂတ်နာက ပြောကြားသည်။ ဝေဒနာခံစားရချိန်မှ ဆေးရုံလာရောက်ပြသသဖြင့် ဆရာဝန်များက ဓာတ်မှန်ရိုက်စစ်ဆေးခဲ့ရာ မစ္စတာလီဂတ်နာ၏ အစာအိမ်အတွင်း ပလတ်စတစ်ခက်ရင်းတစ်ချောင်းကိုတွေ့ရှိခဲ့ကြသည်။ ထို့နောက် ဆရာဝန်များက ခွဲစိတ်ကာ ၎င်း၏ အစာအိမ်အတွင်းမှ ပလတ်စတစ်ခက်ရင်းကို ခွဲစိတ်ဖယ်ရှားပေးခဲ့သည်။ ဝမ်းဗိုက်အတွင်း၌ ပလတ်စတစ်ခက်ရင်းတစ်ချောင်း ဆယ်စုနှစ် တစ်ခုကြာမျှ ဝင်ရောက်နေခဲ့မှုမှာ ထူးဆန်းသောဖြစ်ရပ်ပင်ဖြစ်ကြောင်း ခွဲစိတ်ဆရာဝန်များကိုယ်တိုင်က တအံ့တဩပြောကြားသည်။ ယခုအခါ မစ္စတာလီဂတ်နာသည် ခွဲစိတ်ကုသမှုခံယူပြီးနောက် ပုံမှန်လူတစ်ဦးကဲ့သို့ ကျန်းမာရေးအခြေအနေကောင်းမွန်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**



---

### ❖ *ဝင်ငွေတိုးသည့် ဘူးပင်မျိုးမှ*

စင်များအကြီးအကျယ်ဖြင့် စိုက်ပျိုးထားသည့် ဘူးပင်များကိုတွေ့၍ ထိုခြံသို့သွားပြီး မေးမြန်းကြည့်ရာ ရာသီပေါ်သီးနှံမျိုးစုံစိုက်ပျိုးသည့် တောင်သူ ဦးတင်ထွန်း၏ ဘူးစိုက်ခင်းဖြစ်ကြောင်း သိရှိရသည်။

ဦးတင်ထွန်းအား မေးမြန်းရာ"ကျွန်တော်က ရာသီပေါ်သီးနှံ ဖရဲ၊ ငရုတ် စတာတွေကို စိုက်ပျိုးပါတယ်။ ဒီစိုက်ခင်းက ဘူးစိုက်ခင်းပါ။ ဒီဘူးမျိုးက ကျွန်တော်တို့ မိရိုးဖလာမျိုး မဟုတ်ပါဘူး။ နိုင်ငံခြားကလာတဲ့ တရုတ်(တိုင်ပေ)မျိုးပါ။ ဒီစိုက်ခင်းအကျယ်က နှစ်ဧက ကျယ်ပါတယ်။ ဘူးအပင် ၂၆၀၀ ဆံ့ပါတယ်။ ဒီဘူးမျိုးကို ဒီနယ်မှာ စီးပွားဖြစ်စိုက်တဲ့သူ နည်းပါးတယ်။ အခုမှ အစမ်းစိုက်တာပါ။ တစ်ဧကကို ခြောက်သိန်းခန့် ကုန်ပါတယ်။ နှစ်ဧကဆိုတော့ ၁၂ သိန်းလောက် ကုန်ပါတယ်"ဟု ရှင်းပြသည်။

စိုက်ပျိုးပုံနှင့်ပတ်သက်ပြီး မေးမြန်းရာ " မြေဆွေးအိတ်တွေနဲ့ စတင်ပြီးပျိုးထောင်ရပါတယ်။ ၄၅ ရက်ပြည့်ပြီဆိုတာနဲ့ စိုက်ခင်းထဲကို ပြောင်းရွှေ့စိုက်ရပါတယ်။ မြေဆွေး၊ နွားချေးတွေ၊ ပုလဲ၊ ကွန်ပေါင်း စတဲ့မြေဩဇာတွေကို အသုံးပြုရပါတယ်။ တရုတ်(တိုင်ပေ)ဘူးမျိုးက တစ်ပင်ကို အနည်းဆုံး အလုံး ၃၀ ခန့် သီးပါတယ်။ တစ်လုံးငွေကျပ်နှစ်ရာနဲ့သာ ရောင်းရမယ်ဆိုရင် ကျွန်တော်တို့အတွက် တွက်ခြေကိုက်ပြီး စီးပွားဖြစ်နိုင်တယ်" ဟု ပြောပြပါသည်။

စိုက်ပျိုးဖြစ်ခဲ့ပုံနှင့်ပတ်သက်ပြီး မေးမြန်းရာ" ကျွန်တော်တို့ဆီကို ကုမ္ပဏီက ပုဂ္ဂိုလ်တွေလာပြီး မျိုးတွေအကြောင်း ပညာပေးဆွေးနွေးတယ်။ မသိတာတွေကို ရှင်းပြတယ်။ ကျွန်တော်တို့ မျိုးတွေနဲ့မတူတဲ့ အဲဒီမျိုးတွေကို စိုက်ပျိုးရင် အသီးလုံးထွားကျိုင်းပြီး ဈေးကွက်ဝင်ပါတယ်။ မျိုးစေ့ ၁၅၀ ခန့် ပါဝင်တဲ့ အထုပ် ၁၀ ထုပ် စိုက်ပျိုးထားပါတယ်။ ခြံကြီးစတည်တဲ့အခါမှာ စင်ထိုးဖို့ ဝါးဖိုးတွေ လုပ်အားခတွေ ကုန်ပါတယ်။ ဒီစင်တွေက နှစ်ခါပြန်သုံးလို့ရပါတယ်။ ဘူးမှာ အဓိကကျရောက်တဲ့ရောဂါက ရွက်ဝါတဲ့ရောဂါပါ။ ရွက်ထွင်းပိုး၊ ပျပိုး၊ မှိုကျရောက်မှာပဲ ကြောက်ပါတယ်။ ရေဝပ်တာကို မကြိုက်ဘူး၊ အခုနောက်ထပ်နှစ်ဧက စိုက်ဖို့ပျိုးထောင်ထားပါတယ်"ဟု ရှင်းပြသည်။

တောင်သူများအနေဖြင့် အချိန်တိုအတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် သီးပင်စားပင်များကို မျိုးကောင်းမျိုးသန့်များ ရှာဖွေစိုက်ပျိုးကြရန် လိုအပ်သည်။ ထို့အပြင် မိမိတို့စားသုံးနိုင်ရန်အတွက်သာမက စီးပွားဖြစ်ရောင်းချနိုင်ရန်အတွက်ပါ သီးပင်စားပင်များကို စိုက်ပျိုးသင့်သည်။ အဆိုပါ သီးပင်စားပင်များအနက် ဘူးပင်များ တိုးချဲ့စိုက်ပျိုးခြင်းသည်လည်း စိုက်ပျိုးသူတောင်သူများအတွက် ဝင်ငွေတိုးစေနိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

### ◆ *မ.ထ.သ မှ*

သတိရရချင်းပင် လမ်းကြောင်းပြောင်း၍ မ. ထ. သ(ရုံးချုပ်)ရှိရာ လေးထောင့်ကန်လမ်းသို့သွားရန် ခရီးစဉ်ပြောင်းလိုက်ရတော့သည်။ တက်စီးမိသည့်ကားက ၄၈ အထူးယာဉ်လိုင်းဖြစ်၍ အနော်ရထာလမ်းပေါ်ရှိ ကုန်ဈေးတန်းမှတ်တိုင်တွင်ပင် ဆင်းလိုက်ရသည်။

ဆင်းပြီးပြီးချင်း ကားကိုဓာတ်ပုံရိုက်ရန် ခွင့်တောင်း၍ မှတ်တမ်းတင်ခဲ့သည်။ ယာဉ်ရှေ့တွင် "မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီး) နှစ် (၅၀)ပြည့် ရွှေရတုသဘင်အထိမ်းအမှတ် အခမဲ့ပြေးဆွဲပေးယာဉ် ၂၀-၈-၂၀၁၂" ဟု အစိမ်းရောင်အောက်ခံဗီနိုင်းပေါ်တွင် အဝါရောင်စာလုံးဖြင့် ရေးထိုးချိတ်ဆွဲထားသည်ကို တွေ့ရသည်။ မ. ထ. သ(ရုံးချုပ်)ရှိ ကော်မတီအတွင်းရေးမှူး ဦးတင်မောင်ဇော်က"ဟုတ်ပါတယ်။ ဒီနေ့ဟာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး မ. ထ. သရဲ့ နှစ် (၅၀)ပြည့် ရွှေရတုသဘင်နေ့ပါ" ဟု ဆိုပါသည်။

မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီကို ၁၉၆၂ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ရာ ယခုသက်တမ်းအားဖြင့် နှစ်(၅၀) တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။ နှစ်(၅၀)ပြည့် အထိမ်းအမှတ်အကြိုအဖြစ် ဩဂုတ် ၁၃ ရက်တွင် ဝန်ထမ်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သား ၅၀ တို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် သွေးလှူဒါန်းခဲ့ကြသည်။ ဝန်ထမ်းများအထဲတွင် (၉၇) ကြိမ်အထိ လှူဒါန်းသူများပင်ရှိသည်။

ထို့အပြင် အထူးအစီအစဉ်တစ်ရပ်အနေဖြင့် မ. ထ. သအောက်ရှိ ယာဉ်များမှာ ၄၈ အထူးမှ လေးစီး၊ ၂၁၁ အထူးမှ နှစ်စီး၊ ၃၃ ယာဉ်ကြီးမှ နှစ်စီး၊ ၂၁၀ ယာဉ်ကြီးမှ နှစ်စီး၊ ၁၂၈ ကားလတ်မှ နှစ်စီး၊ ၂၁၃ အထူးမှ တစ်စီး၊ ၃၉ ဘီအမ်မှ တစ်စီး၊ ၃၆ သီးသန့်မှ တစ်စီး၊ ၄၄ ယာဉ်ကြီးမှ နှစ်စီး၊ ၂၀၄ မီနီဘတ်မှ တစ်စီး၊ ယာဉ်ငယ် ၃ မှ တစ်စီး၊ ၅၃ အထူးမှ နှစ်စီး၊ ၃၄ အထူးမှ လေးစီး၊ ၂၀၅ ယာဉ်ကြီးမှ တစ်စီး၊ ၄၅ ယာဉ်ကြီးမှ ရှစ်စီး၊ ၁၉၉ ယာဉ်ကြီးမှ သုံးစီး၊ ၄၃ အထူးမှ နှစ်စီး၊ ၄၃ ယာဉ်ကြီးမှ လေးစီး၊ ၂၀၂ ယာဉ်ကြီးမှ တစ်စီး၊ ၄၃ ကားလတ်မှ တစ်စီး၊ ၂၁၇ အထူးမှ လေးစီး၊ ၂၁၇ ယာဉ်ကြီးမှ နှစ်စီး၊ ၃၄ မီနီဘတ်မှ နှစ်စီး၊ ၃၉ ယာဉ်ကြီးမှ တစ်စီးနှင့် ၅၂ ကားလတ်မှ တစ်စီး စုစုပေါင်း ၅၅ စီးဖြင့် ဂိတ်ဖွင့်သည့်အချိန်မှ ဂိတ်ပိတ်သိမ်းသည့် အချိန်အထိ ခရီးသွားပြည်သူတို့အား ယာဉ်စီးခမယူ အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်းကိုလည်း သိရသည်။

ထိုမှ ကြည့်မြင်တိုင် ပန်းပင်ကြီးလမ်းထိပ်ရှိ ၃၃ ယာဉ်ကြီးဂိတ်သို့ ဝင်ရောက်စပ်စုခဲ့ရာ ဂိတ်စာရေးက "ဒီနေ့လို ရွှေရတုသဘင်အတွက် အခမဲ့ပြေးဆွဲပေးနေတဲ့ယာဉ်တွေက ပိုင်ရှင်တွေအနေနဲ့ ပါဝင်လှူဒါန်းကြတာဖြစ်သလို အချို့ယာဉ်မောင်း ယာဉ်နောက်လိုက်တွေကပါ သူတို့တစ်နေ့တာလုပ်အားကိုပါ ပေးလှူကြပါတယ်"ဟု ဆိုပါသည်။

အခမဲ့ပြေးဆွဲနေသော ၄၅ ယာဉ်ကြီးလိုင်းမှ ယာဉ်မောင်းတစ်ဦးက "ယာဉ်မောင်း သက်တမ်းတစ်လျှောက် ဒီနေ့မောင်းရတာ စိတ်အချမ်းသာဆုံးပဲ၊ လောဘစိတ်၊ မောဟစိတ်၊ ဒေါသစိတ်တွေ အများကြီးကင်းခဲ့တယ်။ ငါဒီနေ့ ဘယ်လောက်ရမှဖြစ်မယ်ဆိုတဲ့ လောဘစိတ်တွေ လုံးဝမရှိဘဲ ငါဒီနေ့ ကောင်းမှုတွေ၊ အလှူတွေလုပ်နေတာပါလို့ တွေးမိရင်း စိတ်ချမ်းသာခဲ့ရတယ်"ဟု အပြောအပေါ် ပီတိဖြစ်ခဲ့ရသည်။

ခရီးသွားပြည်သူတို့အပေါ် ရှည်လျားသောနှစ်များအတွင်း လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုသည့်နှယ် အကျင့်အမျိုးမျိုး၊ စရိုက်အထွေထွေဖြင့် စုစည်းလုပ်ကိုင်နေရသည့် မ. ထ. သအပေါ် ခရီးသွားပြည်သူများအနေဖြင့် မကျေနပ်သည့်ကိစ္စများရှိကြသလို ကျေနပ်ဂုဏ်ယူရသည့်ကိစ္စများလည်း များစွာရှိခဲ့ပေသည်။

သို့သော် ယခုကဲ့သို့ နှစ်(၅၀)ပြည့်နှစ်မှသည် နောင်နှစ်ပေါင်းများစွာအထိ ခရီးသွားပြည်သူများ၏အကျိုးကို ဆတက်ထမ်းပိုး မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါစေဟု မွေးနေ့အဖြစ် ဆုတောင်းပြုရေးသားလိုက်ရပါတော့သည်။ ။

# ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့ လှည်းကူးမြို့ပြည်သူ့ဆေးရုံနှင့် ဒါးပိန်တိုက်နယ်ဆေးရုံ ကြည့်ရှုစစ်ဆေးပြီး ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များဆွေးနွေး

## လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက မြို့နယ်ပြည်သူ့ဆေးရုံသို့ ငွေကျပ်သိန်း ၅၀၀ ကျော်တန်ဖိုးရှိ လူနာတင်ယာဉ်တစ်စီးလှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၀**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဒေသခံ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လှည်းကူးမြို့ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က လှည်းကူးမြို့နယ်တွင် လူဦးရေနှစ်သိန်းခန့်ရှိပြီး ခုတင်(၅၀)ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသုံးရုံ၊ ကျေးလက်ကျန်းမာရေးဌာနရှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၃ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန၊ ငှက်ဖျားတီဘီ အနာကြီးရောဂါ တိုက်ဖျက်ရေးဌာန တစ်ခုတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံအနေဖြင့် နေ့စဉ် ပြင်ပလူနာ ၃၅ ဦးခန့်နှင့် အတွင်းလူနာ ၂၅ ဦးခန့်ကို ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ လှည်းကူးမြို့နယ်သည် ပဲခူးမြို့နယ်၊ ကဝမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်များနှင့် ဆက်စပ်နေသောကြောင့် အဆိုပါမြို့နယ်များမှ လူနာများကိုလည်း ကုသပေးလျက်ရှိကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက လှည်းကူးမြို့နယ်အတွင်း ကျေးရွာများမီးလင်းရေးအတွက် အထူးကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံ လျှပ်စစ်ဓာတ်အား တိုးတက်ကောင်းမွန်စေရေးအတွက် ၁၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းတန်ဖိုး ငွေကျပ်သိန်း ၁၅၀ ခန့် သုံးစွဲ၍ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ဆေးရုံဝင်းအတွင်း၌လည်း လျှပ်စစ်မီး မပြတ်တောက်ရေးအတွက် ဓာတ်ကြိုး၊ မီးခလုတ်နှင့် မီးချောင်းများ ငွေကျပ်သိန်း ၃၀ ဖိုးခန့်ကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်း ကျန်းမာရေးနှင့် သက်ဆိုင်သောဌာနများတွင် လျှပ်စစ်မီး ပြတ်တောက်မှုမရှိစေရေးအတွက် ဦးစားပေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်၍ ဆင်းရဲမှုလျှော့ချရေးနှင့် ဒေသတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်၌ ယခင်ထက် လေးဆတိုးမြှင့် ခွင့်ပြုပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌လည်း ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရန် မပြတ်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံသည် မှော်ဘီ၊ ပဲခူးဘက်မှ လာရောက်ကုသသော လူနာများရှိနေသဖြင့် အရေးကြီးသော ဆေးရုံတစ်ခုဖြစ်ကြောင်း၊ မင်္ဂလာဒုံမြို့နယ်တွင် (၂၅) ခုတင်ဆံ့ ဆေးရုံအားလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်ပြည်သူ့ဆေးရုံအတွက် ပေးအပ်လှူဒါန်းသော လူနာတင်ယာဉ် တစ်စီးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိန်းက ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်ထံ လွှဲပြောင်းပေးအပ်သည်။

လှည်းကူးမြို့နယ်၌ ၂၀၁၁ ခုနှစ် အတွင်း မော်တော်ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရသူပေါင်း ၈၅၃ ဦးနှင့် သေဆုံးသူပေါင်း ၆၃ ဦး ရှိခဲ့ကြောင်း၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် လူနာတင်ယာဉ် တစ်စီးသာရှိသည့်အတွက် ဒဏ်ရာရသူလူနာများအား ပို့/ကြို ကိစ္စရပ်များတွင် အခက်အခဲရှိခဲ့ကြောင်း၊ ယခုကဲ့သို့ လူနာတင်ယာဉ်တစ်စီးအား ပေးအပ်လှူဒါန်းခဲ့သည့်အတွက် ဆေးရုံအတွက် များစွာအဆင်ပြေမည်ဖြစ်ကြောင်း၊ လူနာတင်ယာဉ်အသင့်ရှိသည့်အတွက် ဆေးကုသရာတွင် အချိန်မီကုသပေးနိုင်သောကြောင့် ကျန်းမာရေးဝန်ထမ်းများ/လူနာများအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့အတွင်း၌လည်း လူနာများ အရေးပေါ်သယ်ပို့နိုင်ရေး အတွက် အရန်လူနာတင်ယာဉ်များ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**ယနေ့ လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပေးအပ်လှူဒါန်းသော လူနာတင်ယာဉ်မှာ နစ်ဆန်းအမျိုးအစားဖြစ်ပြီး တန်ဖိုးငွေကျပ် သိန်း ၅၀၀ ကျော်ဖြစ်ကြောင်း သိရှိရသည်။**

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ဒါးပိန်မြို့ တိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားပြီး (၈)ခုတင်ဆံ့ တိုက်နယ်ဆေးရုံမှ (၁၆) ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးချဲ့ဆောက်လုပ်ရန်အတွက် ရွေးချယ်ထားသောမြေနေရာကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(သတင်းစဉ်)**



**အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ လှည်းကူးမြို့နယ် ဒါးပိန်မြို့ တိုက်နယ်ဆေးရုံတွင် တက်ရောက်နေသော လူနာများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။** (သတင်းစဉ်)

## ထေရဝါဒဗုဒ္ဓသာသနာပြုဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ထေရဝါဒဗုဒ္ဓသာသနာပြုဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော်၊ ဒုတိယ ပါမောက္ခချုပ်(စီမံ)နှင့် တက္ကသိုလ်မဟာဌာနမှူးများ၊ ပါမောက္ခများ၊ လူပုဂ္ဂိုလ်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ ပညာရှင်များ၊ ထိုင်းနိုင်ငံ မဟာချုလာလောင်ကွန်ရာဇဝိထရာလယ ဗုဒ္ဓတက္ကသိုလ်မှ ဆရာတော် ကျောက်ခွန်း PHRARAJSITHIMUNI နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် ထိုင်းနိုင်ငံ မဟာချုလာလောင်ကွန်ရာဇဝိထရာလယ ဗုဒ္ဓတက္ကသိုလ်မှ အဖွဲ့ဝင်များသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာ-ထိုင်း ချစ်ကြည်ရေးကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဦးကောဏ္ဍညအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပုံ့လွန်တော်မူသွားသည့် ထိုင်းနိုင်ငံမှ ဒေါက်တာ ဘဒ္ဒန္တအာသဖမဟာထေရ (ဓမ္မာစရိယ၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)၏ ရန်ပုံငွေ ကျပ် ၁၀၄၀၀၀၀ ကို မဟာစည်သာသနာ့ရိပ်သာဆရာတော်ကြီးနှင့်သာသနာ့နုဂ္ဂဟအဖွဲ့ရှိ တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**



## တပ်ကုန်းမြို့နယ်၌ ပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၂၀**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရေအေးကျေးရွာအုပ်စု ကွင်းအမှတ် ၂၀၄၀ ရှိ တောင်သူ ၁၂၃ ဦး၏ ၁၆၅ ဧကတွင် မိုးစပါးပုလဲသွယ် စပ်မျိုးစပါး တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးနိုင်ရန်အတွက် သုံးဧကကို သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြစ်သည့် ပေါင်စနစ်ဖြင့် ပျိုးထောင်ထားသည်။ အဆိုပါစိုက်ပျိုးထားရှိမှုကို နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေနှင့် နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ နေပြည်တော်မြေစာရင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့ ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က ကြည့်ရှုစစ်ဆေးပြီး တောင်သူများ၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့များနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်ကုန်းမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးဝန်ကြီးဌာန၏ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျောင်းဆောင်သစ် အုတ်မြစ်ချဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းကော်မတီဝင်များ၊ မိဘဆရာအသင်းဝင်များနှင့်တွေ့ဆုံ၍ ကျောင်းအဆောက်အအုံကို အရည်သွေးပြည့်မီစွာဖြင့် သတ်မှတ်ချက်နှင့်အညီ ဆောက်လုပ်သွားရန်၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ (ဝ၂၁)



### မြန်မာ့အလင်း ဘဝအမောပြေ

**ဒီလိုပါ** | **အာကာဟိန်း-ရေးသားသည်**

**မူလတန်းကျောင်းတစ်ကျောင်း၌ ဆရာမတစ်ဦးက စာသင်ခန်းအတွင်း၌ ကိုယ်တွေ့ အတွေ့အကြုံတစ်ခုကို ဗဟုသုတဖြစ်စေပြီး သင်ခန်းစာယူနိုင်ရန် ကျောင်းသားများအား ပြောပြလျက်ရှိသည်။**

ဆရာမ ။ ။ အတွေ့အကြုံဆိုတာ သင်ခန်းစာနဲ့ ဗဟုသုတကိုရစေတယ်။

**တပည့်များ ။ ။ ဟုတ်ကဲ့ပါ ဆရာမ။**

ဆရာမ ။ ။ နေ့စဉ် သွားလာရင်းနဲ့လည်း ဗဟုသုတတွေရအောင် စူးစမ်းလေ့လာရတယ်။ တွေ့ရှိမှုကိုလည်း သင်ခန်းစာယူတတ်ရတယ်။

**တပည့်များ ။ ။ ဟုတ်ကဲ့ပါ ဆရာမ။**

ဆရာမ ။ ။ ဒီနေ့. . . ဆရာမကျောင်းကို စက်ဘီးစီးလာရင်းနဲ့ လမ်းမှာ ကားတိုက်ခံရလို့သေသွားတဲ့ လူတစ်ဦးကို တွေ့ခဲ့ရတယ်. . . အဲဒါ . . . ယာဉ်မောင်းက အရှိန်ပြင်းပြင်းမောင်းလို့ဖြစ်တာပေါ့. . . ဒါကြောင့် လမ်းသွားရင် သတိထားရမယ်။

**တပည့်များ ။ ။ ဟုတ်ကဲ့ပါ‥ ဆရာမ။**

**(ထိုအချိန်၌ ကျောင်းသားတစ်ဦး အိပ်ငိုက်နေသဖြင့် ဆရာမက မေးလေသည်)။**

ဆရာမ ။ ။ ရစ်ချက်. . မတ်တတ်ရပ်ပါ . . . ဆရာမ ဘာတွေပြောပြနေလဲသိလား. . . ပြန်ပြောပြပါ။

**ရစ်ချက် ။ ။ ဟုတ်ကဲ့…သေသွားတဲ့သူတစ်ဦးက ကျောင်းကိုစက်ဘီးစီးလာတဲ့အကြောင်းပါ ဆရာမ။**

ဆရာမ ။ ။ "ဘာပြောတယ်"

### မြန်မာ့အလင်း သဘာဝဘေး

## ရွှေပြည်သာမြို့နယ်၌ ရေကြီး

**ရန်ကုန် ဩဂုတ် ၂၀**

ဩဂုတ် ၁၈ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် တောင်ကျချောင်းရေ စီးဆင်းမှုတို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ အမှတ်(၁၊ ၁၀၊ ၁၂၊ ၁၆)ရပ်ကွက်၌ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် အမှတ်(၁)ရပ်ကွက်ရှိ အမက(၁၂)၊ အမှတ်(၁၂)ရပ်ကွက်ရှိ အမက(၂၉)၊ အမှတ်(၁၆) ရပ်ကွက်ရှိ အမက(၃၇)မူလွန်ကျောင်းများကို ပိတ်ထားရကြောင်း သိရှိရသည်။ **(အုန်းညွန့်)**

## ကျိုက်မရောမြို့နယ်၌ ရေကြီး

**ကျိုက်မရော ဩဂုတ် ၂၀**

မွန်ပြည်နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျိုက်မရောမြို့ ရှင်စောပုရပ်ကွက် အမှတ်(၁၊ ၂၊ ၃)လမ်းများ၊ ရန်မျိုးအောင်ရပ်ကွက် အမှတ်(၄)လမ်းတို့ ရေမြုပ်ခဲ့ပြီး ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူ ၆၃၂ ဦးတို့အား ကျိုက်မရောမြို့ အမက(၁)တွင် နေရာချထားပေးခဲ့ကြောင်း၊ စေတနာရှင်၊ အလှူရှင်များက ဆန်၊ ဆီ၊ ကြက်သွန်၊ ခေါက်ဆွဲခြောက် စသည့် စားသောက်ကုန်ပစ္စည်းများ၊ ထမင်းထုပ်များ၊ အဝတ်အထည်များ လာရောက်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ကျော်ဝင်းအောင်)**

### မြန်မာ့အလင်း မှုခင်းသတင်း

## ဒီရေတက်စဉ် နှစ်နှစ်ခန့်ကလေးငယ် ရေနစ်သေဆုံး

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် အံကြီးအနောက်ရပ်ကွက် ဗန္ဓုလ(၁)လမ်း၌ ဩဂုတ် ၁၈ ရက် ညနေ ၆ နာရီကျော်က နှစ်နှစ်ခန့်အရွယ် ကလေးငယ်တစ်ဦး ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားသည့်နေရာမှာ ရပ်ကွက်အစွန် ချောင်းရိုးအနီး ကွင်းပြင်နေရာဖြစ်ပြီး ဒီရေတက်ချိန်ဖြစ်သဖြင့် ဒီရေများရောက်ရှိနေစဉ်ဖြစ်သည်။ မောင်ဖြစ်သူ လှဦး(နှစ်နှစ်)မှာ အိမ်ရှေ့ခန်းတွင် တစ်ဦးတည်းကစားလျက်ကျန်ခဲ့စဉ် အိမ်နောက်ဖေးတွင် ထမင်းချက်ပြီး ထွက်လာသော အစ်မဖြစ်သူ မသန္တာစိုး(၁၂ နှစ်)က မတွေ့သဖြင့် အိမ်ပေါ်လိုက်လံကြည့်ရှုခဲ့ရာ နေအိမ်အရှေ့ရှိ ရေထဲ၌ ကလေးလက်တစ်ဖက် ပေါ်လာသည်ကို မြင်တွေ့၍ အစ်ကိုဝမ်းကွဲတော်စပ်သူက ရေထဲဆင်းဆယ်ရာ မောင်လှဦး(နှစ်နှစ်)မှာသေဆုံးနေကြောင်း တွေ့ရှိရသည်။ သေဆုံးသည့်ကလေးငယ်အား ဒလဆေးရုံသို့ ပို့ဆောင်ပြီး ဒလရဲစခန်းမှ လိုအပ်သည်များ အရေးယူဆောင်ရွက်ထားကြောင်း သိရှိရသည်။ **(၁၅၁)**

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုဘုရားလမ်း ပထမထပ် အမှတ်(၃၅)နေ ဒေါ်နန္ဒာမိုးဃံအား ရည်စူး၍ ကျန်ရစ်သူမိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၆၀၀၀၀၀ ကို လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။**
(ကင်ဆာဖောင်ဒေးရှင်း)

## ● ပြည်သူ့လွှတ်တော်မှ

သက်ဆိုင်ရာအဖွဲ့အစည်းသည် ချက်ချင်းအရေးယူရန်ကိစ္စများဖြစ်ပါက လောလောဆယ်ဖြစ်ပေါ်နေသည့် လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားမှုများကို ချက်ချင်းရပ်တန့်သွားအောင်ဆောင်ရွက်ပါကြောင်း၊ ငွေ သို့မဟုတ် ပစ္စည်းအလွဲသုံးစားမှု၊ မသမာမှု စသည်များကိုမူ စစ်ဆေးပြီးစီး၍ အစီရင်ခံစာထုတ်ပြန်သည်အထိ မစောင့်ဆိုင်းတော့ဘဲ ချက်ချင်းအရေးယူ ဆောင်ရွက်နိုင်ရန် ကြားဖြတ် အစီရင်ခံစာကို စစ်ဆေးခံအဖွဲ့အစည်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အသီးသီးသို့ပေးပို့၍ စီမံခန့်ခွဲမှု နည်းလမ်းများအရ အရေးယူဆောင်ရွက်ကြပါကြောင်း။

ဥပဒေအရ အရေးယူရန်ကိစ္စများဖြစ်ပါက ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများနှင့် ငြိစွန်းသည့် မသမာမှု၊ အလွဲသုံးစားမှုများကို ဥပဒေကြောင်းအရ ဆက်လက်အရေးယူသည့်အပြင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုကိုပါ တစ်ပြိုင်တည်းပြုလုပ်ပါကြောင်း၊ ဌာနဆိုင်ရာစုံစမ်းအရေးယူရန်ကိစ္စများဖြစ်ပါက အစီရင်ခံစာအရ စစ်ဆေးတွေ့ရှိချက်တစ်ရပ်သည် ဥပဒေကြောင်းအရ အရေးယူရန်မခိုင်လုံဟု သက်ဆိုင်ရာအဖွဲ့အစည်းအကြီးအကဲက ယူဆသည့် ကိစ္စရပ်များတွင် ဝန်ထမ်း၏ပေါ့လျော့မှု၊ တာဝန်လစ်ဟင်းမှုတို့ကြောင့် နစ်နာဆုံးရှုံးမှုမျိုးဖြစ်လျှင် ပဏာမစုံစမ်းမှုကို ပြန်လည်ပြုလုပ်ရန်မလိုဘဲ စစ်ဆေးတွေ့ရှိချက်ကိုပင် စွဲချက်တင်ရန် အထောက်အထားအဖြစ်မှတ်ယူ၍ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းဖြင့် အရေးယူပါကြောင်း။



ဗိုလ်တထောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

သာမန်သိရှိရန်နှင့် အရေးယူရန်ကိစ္စများဖြစ်ပါက အချို့စစ်ဆေးတွေ့ရှိချက်များသည် သာမန်မျှဖြစ်၍ နောင်တွင် ပြုပြင်ဆောင်ရွက်သွားပါက ပိုမိုကောင်းမွန်သွားနိုင်စရာအကြောင်းရှိလျှင် အခါအားလျော်စွာ ပြုပြင်ပြောင်းလဲလုပ်ဆောင်ပါကြောင်း။

မြို့နယ်စာရင်းစစ်ရုံးများ၏အစီရင်ခံစာများအပေါ် စစ်ဆေးခံအဖွဲ့အစည်းများက သင့်တင့်သောအချိန်ကာလအတွင်း သင့်လျော်အောင်အရေးယူ မဆောင်ရွက်လျှင် သို့မဟုတ် မပြီးပြတ်လျှင် ခရိုင်စာရင်းစစ်ရုံးမှ တစ်ဆင့် တိုင်းဒေသကြီး/ ပြည်နယ် စာရင်းစစ်ချုပ်ရုံးသို့ တင်ပြပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးသည် ၎င်းတို့ အစိုးရအဖွဲ့သို့ တင်ပြပြီး စီမံခန့်ခွဲမှုနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ရန် တွန်းအားပေးလုပ်ဆောင်ပါကြောင်း၊ ထိုအဆင့်ဖြင့် မပြီးပြတ်ပါက ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအထိတင်ပြကာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ထံ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်ရန် တင်ပြလုပ်ဆောင်ကြပါကြောင်း၊ သင့်တင့်သောအချိန်ကာလအတွင်း ပြန်ကြားလာသည့် အရေးယူဆောင်ရွက်ချက်များကို သက်ဆိုင်ရာစာရင်းစစ်ရုံးကစိစစ်၍ လက်ခံနိုင်သည့်အချက်များအပေါ် အမှန်ဆောင်ရွက်မှု ရှိ/မရှိကို နောက်တစ်ကြိမ် စစ်ဆေးရေးဝင်ရောက်သည့်အချိန်တွင် ထပ်မံစစ်ဆေးပါကြောင်း။

သို့ပါ၍ ပြင်ပစာရင်းစစ်များဖြစ်သော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများ၏ စစ်ဆေးတွေ့ရှိချက်များအပေါ် စစ်ဆေးခံအဖွဲ့အစည်းက အရေးယူဆောင်ရွက်ရသည့်အချက်များနှင့်စပ်လျဉ်း၍ အထက်ဖော်ပြပါ အစီအမံများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်၏ **လက်နက်ကိုင်အဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုရရှိပြီးနောက် မည်သည့်အတွက်ကြောင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေခြင်းကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက ဖြေကြားရာတွင်-

တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုင်းရင်းသားများ၏အရေးကိစ္စသည် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိချိန်မှစ၍ ဖြစ်ပေါ်လာသည့် အချိန်ကာလရှည်ကြာစွာ ဖြစ်ပွားခဲ့သော ကိစ္စများဖြစ်ပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် သံသယများပျောက်ပြီး အမှန်ဘဝရောက်ရှိရန်အတွက် ကြိုးစားကြရန်လိုအပ်ပါကြောင်း၊ နှစ်ပေါင်း (၆၀)ကျော်ကြာမြင့်ခဲ့ပြီဖြစ်သော ပြဿနာများကို တစ်ရက်တည်း၊ တစ်ထိုင်တည်းဖြေရှင်းရန် မလွယ်ကူသည့် ကိစ္စဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတက ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုလွှတ်တော်အဆင့်ဟူ၍အဆင့် (၃)ဆင့် ပိုင်းခြားသုံးသပ်ပြီး ဆောင်ရွက်သွားကြရန်လမ်းညွှန်ထားပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်တွင် လုပ်ငန်းတာဝန်(၅)ရပ်နှင့် ပြည်ထောင်စုအဆင့်တွင် လုပ်ငန်းတာဝန်(၈)ရပ်ကို မူဝါဒအဖြစ် ချမှတ်ပေးထားပါကြောင်း၊ ယခုအခါတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့် သဘောတူညီချက်တွင်ပါရှိသည့် မူဝါဒ (၅)ချက်အနက် အပစ်အခတ်ရပ်စဲရေးကို ဆောင်ရွက်ပြီးဖြစ်သော်လည်း နှစ်ဦးနှစ်ဖက် သဘောတူညီမှု ညှိနှိုင်းရရှိထားသည့် သတ်မှတ်နေရာများတွင်နေထိုင်ရန် ကိစ္စ၊ သတ်မှတ်နေရာမှအပ အခြားဒေသသို့ လက်နက်ဖြင့် သွားလာခြင်းမပြုရန်ကိစ္စနှင့် ဆက်ဆံရေးစခန်းကို နှစ်ဖက်သဘောတူသည့် သင့်တော်ရာနေရာ၌ (လက်နက်မပါ)ထားရှိရန် ကိစ္စရပ်များကို ဆောင်ရွက်ဆဲ ဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ထိတွေ့မှုဖြစ်စဉ်များ၌ လုပ်ငန်းစဉ်တွင်ပါရှိသည့် နှစ်ဖက်တပ်များ နေရာသတ်မှတ်ခြင်း မပြုနိုင်သေးခြင်း၊ ဆက်ဆံရေးရုံးမဖွင့်လှစ်နိုင်သေးခြင်းတို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်ကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ နိုင်ငံတော်သမ္မတမှချမှတ်ပေးသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် မူဝါဒများကို တစ်ဆင့်ပြီးတစ်ဆင့်လုပ်ဆောင်ပြီးချိန်တွင် ဤကဲ့သို့ပြဿနာများ ကွယ်ပျောက်သွားမည်ဖြစ်၍ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အမြန်ဆုံးကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ဖြေကြားသည်။



သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

**လွှတ်တော်သို့အသိပေးတင်ပြခြင်းကဏ္ဍ** ၌ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်း** ကို ပြည်သူ့လွှတ်တော်က ဩဂုတ် ၁၃ ရက်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးဆောင်ရွက်သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့်"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်"ကို တိကျစွာဖော်ပြ၍ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

**အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍ** ၌ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **နိုင်ငံတော်တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း၊ ပြည်သူ့အကျိုးပြု ဝန်ဆောင်မှုလုပ်ငန်းများ ကာကွယ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း** တို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင်များဖြစ်ကြသော ဒေါက်တာစိုးမိုးအောင်နှင့် ဦးခင်မောင်မြင့်တို့က တင်သွင်းကြသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးလိုသည့်"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်"ကို တိကျစွာဖော်ပြ၍ ဩဂုတ် ၂၃ ရက် မွန်းလွဲ ၁ နာရီအရောက် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

**အစီရင်ခံစာဆွေးနွေးခြင်းကဏ္ဍ** ၌ အစည်းအဝေး(၂၄)ရက်မြောက်နေ့က တင်သွင်းခဲ့သော ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ **အစီရင်ခံစာ** ကို မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တို့က ဆွေးနွေးကြသည်။

ယင်းနောက် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကိုက အစီရင်ခံစာနှင့်ပတ်သက်၍ ရည်ရွယ်ချက်နှင့် သဘောထားကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်၊ မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်၊ တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ၊ မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ဦးအေးနိုင်နှင့် ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းသို့ဆွေးနွေးကြရာတွင် တရားစီရင်ရေးကဏ္ဍမှန်ကန်တည့်မတ်လာရေးသည် တရားသူကြီးများသာမက တရားစီရင်ရေးနှင့်ဆက်နွှယ်နေသူ ပြည်သူလူထုအားလုံးက ဝိုင်းဝန်းပါဝင်မှသာ တရားစီရင်ရေးကဏ္ဍမှန်ကန်လာမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အမြင့်ဆုံးအာဏာ(၃)ရပ်စလုံးက တစ်ခုနှင့်တစ်ခု အချိတ်အဆက် မိမိစောင့်ကြည့်တည့်မတ်ပေးမှသာ ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းလာမည်ဖြစ်ပါကြောင်း။ မိမိတို့နိုင်ငံ၏တရားရေးမဏ္ဍိုင်ကို အမှန်တကယ် တည့်မတ်ရန်လိုပါကြောင်း၊ လမ်းစဉ်ပါတီခေတ် (၃) ဦး/ (၅) ဦး ထိုင်တရားစီရင်ရေးစနစ်ကို ပြန်သတိရပါကြောင်း၊ ယင်းခေတ်က ယခုကဲ့သို့ အကျင့်မပျက်ကြပါကြောင်း၊ ၁၉၈၉ ခုနှစ်မှ ယနေ့တာဝန် ထမ်းဆောင်ကြသည့် ဝန်ထမ်းများကို အပြစ်တင်ပြောဆိုရုံဖြင့်လည်း မည်သို့မျှ ထိရောက်မည်မဟုတ်ပါကြောင်း၊ မည်သည့်ဥပဒေများပြဋ္ဌာန်းကာကွယ်ပေးကြမည်ကို မိမိတို့ကိုယ်စားလှယ်များ အထူးအလေးထားစဉ်းစားရန်လိုအပ်ပါကြောင်း။

ပြည်သူ့ကောင်စီခေတ်၌ တရားသူကြီးများသည် ပြည်သူ့ကိုယ်စားလှယ်များသာဖြစ်၍ ဥပဒေ၏ အကာအကွယ်လိုအပ်ခြင်းဖြစ်ပါကြောင်း၊ ယခုခေတ်တရားသူကြီးများသည် ပညာရှင်များဖြစ်ကြပြီး ဆင်ခြင်တုံတရားဖြင့် ပြည့်ဝသူများဖြစ်သည့်အတွက် အကာအကွယ်မပေးသင့်တော့ပါကြောင်း၊ မိမိတို့နိုင်ငံအခြေအနေနှင့် တခြားသောနိုင်ငံများ၏အခြေအနေ တူညီမှုမရှိပါကြောင်း၊ အမြန်ဆုံးပြုပြင်ပြောင်းလဲလိုလျှင် ဝန်ထမ်းအားလုံးကို လစာအလုံအလောက်ပေးပြီး အကာအကွယ်ပေးထားသည့် ဥပဒေအားလုံးကို ရုပ်သိမ်းကာ မိမိကိုယ်ကိုမိမိ တာဝန်သိမှု၊ တာဝန်ယူမှုအလုံအလောက်ရှိပြီးဖြစ်သည့်အချိန်မှ ပြန်လည်ပြဋ္ဌာန်းလျှင် သင့်တော်သည်ဟု ယူဆပါကြောင်း၊ မြို့နယ်တရားသူကြီးအဆင့်မှစ၍ တရားသူကြီးများနှင့်အတူ ပြည်သူ့ကိုယ်စားလှယ်ပါဝင်၍ ဂျူရီအဖွဲ့ဖြင့်စစ်ဆေးလျှင် ပို၍သင့်မြတ်ကောင်းမွန်ကာ ပြည်သူများ၏ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

ပြည်သူ့လွှတ်တော်တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏အစီရင်ခံစာကို ကော်မတီဝင် ဦးသန်းထွန်းက အဆိုတင်သွင်းပြီး ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ အစီရင်ခံစာကို အတည်ပြုထားရှိကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေး၌ မေးခွန်း(၃)ခုမေးမြန်းဖြေကြားခြင်း၊ လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ အစီရင်ခံစာတင်သွင်းခြင်း၊ အစီရင်ခံစာ(၁)ခု ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၁၀ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(၃၁)ရက်မြောက်နေ့ကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ■ အမျိုးသားလွှတ်တော်မှ

အချက်အလက်များအား Processing ဆက်လက်ဆောင်ရွက်လျက်ရှိပြီး အကဲဖြတ်တွင်း (၅)တွင်းအား ၂၀၁၂ ခုနှစ် နှစ်ကုန်ခန့်တွင် တူးဖော်စမ်းသပ်သွားမည်ဖြစ်ကြောင်း၊ အဆိုပါတွင်းများတွင် တိုင်းတာစမ်းသပ်ရရှိသော အချက်အလက်များအရ သဘာဝဓာတ်ငွေ့သိုက်၏ ပမာဏကိုတွက်ချက်ကာ စီးပွားဖြစ် ထုတ်လုပ်နိုင်မှုအခြေအနေအား အတည်ပြုသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦး၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက ပြန်လည်ဖြေကြားသည်။



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း မေးမြန်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဌေးမောင်၏ **"သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သာစည်မြို့နယ်၊ ယင်းမာပင်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အထက်တန်းအဆင့်ကျောင်းသား(၁၄၀)ရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း၏ **"ချောက်မြို့နယ်၊ ရွာမကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ချောက်မြို့နယ်၊ ရွာမကျေးရွာအုပ်စု၊ ရွာမကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အလယ်တန်းဆင့်ကျောင်းသား (၆၄)ဦးရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းမရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင်၏ **"မိတ္ထီလာမြို့နယ်၊ ရေဝေအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မိတ္ထီလာမြို့နယ်၊ ရေဝေအခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် အခြေခံပညာအထက်တန်းအဆင့်ကျောင်းသား (၂၆၂)ဦးရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လာမည့်ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့တိုးမြှင့်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမြအုန်း၏ **"ဖားကန့်မြို့နယ်၊ ဟောင်ပါးကျေးရွာ တွဲဖက်အထက်တန်းကျောင်းကို အထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဖားကန့်မြို့နယ်၊ ဟောင်ပါးတွဲဖက်အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းကျောင်းသား (၆၉)ဦးရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် လာမည့်ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော **၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းကို လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပအလုပ်သမားများဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမင်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်တို့က ဆွေးနွေးတင်ပြကြသည်။



ပညာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦး ဘ ရွှေ မေးမြန်း ချက်များကို ဖြေကြားစဉ်။(သတင်းစဉ်)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် ပြည်တွင်းပြည်ပ အလုပ်သမားများဆိုင်ရာကော်မတီ၏အစီရင်ခံစာကို ဝိုင်းဝန်းဆွေးနွေးခဲ့သော လွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်းပြီး ပြန်လည်ပြုစု၍ ကော်မတီ၏ ဆုံးဖြတ်ချက်အရ လိုအပ်သလိုဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်းက ဆွေးနွေးသည်။

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမြအုန်းက ယင်းအစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ရှန်က **"တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက ကြီးမှူးကျင်းပစေနိုင်ရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို သဘောမတူသည့် လွှတ်တော်ကိုယ်စားလှယ်ရှိသည့်အတွက် မတ်တတ်ရပ်၍ ဆန္ဒပြုသည့်နည်းလမ်းဖြင့် လွှတ်တော်၏ဆန္ဒကိုရယူရာ သဘောတူသည့်လွှတ်တော်ကိုယ်စားလှယ် (၄၀)နှင့် အထက်ရှိသဖြင့် အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့်အခါ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိန်းခင်းပေါင်က **"စက်မှုကုန်ကြမ်းသီးနှံ ပိုးစာပင်စိုက်ပျိုးခြင်း၊ ပိုးအိမ်ထုတ်လုပ်ခြင်းကို အားပေးခြင်းဖြင့် လူမှုဘဝမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကိုလွှတ်တော်ကလက်ခံဆွေးနွေးရန်သဘောတူကြောင်းဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင်ရပ်နားပြီး (၃၁)ရက်မြောက်နေ့ အစည်းအဝေးကို ဩဂုတ် ၂၁ရက် နံနက် ၁၀နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာသည်။

ယနေ့အစည်းအဝေး၌ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အစီရင်ခံစာ(၁)ခု ဆွေးနွေးခြင်း၊ အစီရင်ခံစာ(၁)ခု အတည်ပြုခြင်း၊ အဆိုသစ်(၂)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

21-8 (07).pmd 1 21/08/2012, 2:22 AM

* ရှေ့ဖုံးမှ

ဖွဲ့စည်းထားသည့်ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့သည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများတွင် အကျုံးဝင်ခြင်း ရှိ မရှိ တိကျရှင်းလင်းစွာ သိရှိနိုင်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဆိုသည့် စကားရပ်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းမေးမြန်းခဲ့ခြင်း ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်ကို အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခဲ့ခြင်းသည် လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့မှ အဖွဲ့ဝင်များအား ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

ဤကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ၂၀၁၂ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် "လွှတ်တော်အသီးသီးကဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိကြောင်း" ဆုံးဖြတ်ချက်ချမှတ်ပြီး ဖြစ်ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေပုဒ်မ ၂၃ တို့အရ အပြီးအပြတ်အတည်ဖြစ်ပါကြောင်း၊ ဤကိစ္စမှာ စစ်ဆေးကြားနာဆဲ အဆင့်မဟုတ်ဘဲ ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အဆင့်ဖြစ်၍ တင်သွင်းလွှာကို ပြန်လည်ရုပ်သိမ်းရန်မှာ တရားရုံးများ၏ အစဉ်အလာနှင့် လုပ်ထုံးလုပ်နည်းများအရ မည်သို့မျှမဖြစ်နိုင်ပါသဖြင့် ဤကိစ္စအား အစိုးရအဖွဲ့အပေါ် နားလည်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်မတိုင်မီ ၎င်းတို့၏ ဆန္ဒအလျောက် တာဝန်မှအနားယူစေရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းပြန်ကြားလိုပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့်တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရန်နှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းရန်အတွက်သာ အပ်နှင်းထားခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပေးအပ်ထားသော လုပ်ငန်းတာဝန်အရ လွတ်လပ်စွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား တာဝန်မှအနားယူသွားစေရေးအတွက် နိုင်ငံတော်သမ္မတက ဆောင်ရွက်မည်ဆိုလျှင် ဥပဒေနှင့်ညီညွတ်မည်မဟုတ်သည့်အပြင် တရားမျှတမှုလည်းရှိနိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို တာဝန်မှအနားယူစေရန်မှာလည်း ဆောင်ရွက်၍မရနိုင်သည့်ကိစ္စ ဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့တွင်ပါဝင်သည့် ပုဂ္ဂိုလ်များသည် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ(၂)ဦးတို့မှ ရွေးချယ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်အပ်ထားသူများဖြစ်ကြပါကြောင်း၊ ထိုပုဂ္ဂိုလ်များသည် ဥပဒေရေးရာကျွမ်းကျင်၍ နှစ်ပေါင်းများစွာတရားစီရင်ရေးအတွေ့အကြုံရှိသူများဖြစ်သည့်အပြင် အချို့သောပညာရှင်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် အမျိုးသားညီလာခံတွင် တာဝန်ကျေပွန်စွာ ပါဝင်ဆောင်ရွက်ခဲ့ကြသူများဖြစ်ပါကြောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စအပေါ် အမှားမှားအယွင်းယွင်းသော်လည်းကောင်း၊ ဘက်လိုက်၍သော်လည်းကောင်း အဆုံးအဖြတ်ပေးကြမည့် ပုဂ္ဂိုလ်များမဖြစ်နိုင်ဟု ယုံကြည်ပါကြောင်း။

မိမိအပါအဝင် ပြည်သူ့ကိုယ်စားလှယ်အားလုံးသည်"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်သိလိုက်နာရိုသေပြီး နိုင်ငံတော်၏ ဥပဒေများကို လိုက်နာကျင့်သုံးဆောင်ရွက်ပါမည်။"ဟု လွှတ်တော်စတင်ကျင်းပစဉ်က ပြည်သူ့လွှတ်တော်သဘာပတိ၏ရှေ့မှောက်တွင် ကတိသစ္စာ သို့မဟုတ် ကျမ်းသစ္စာပြုထားကြသူများဖြစ်ကြပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များအရ မိမိအနေဖြင့်လိုက်နာရမည် ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီစနစ်ကိုကျင့်သုံးစ ကမ္ဘာ့အလယ်တွင် မျက်နှာပွင့်လန်းကာစ အခြေအနေတွင်သာရှိပါသေးကြောင်း၊ သို့ပါ၍ လက်ရှိအခြေအနေတွင် ဤအငြင်းပွားမှုပြဿနာကြောင့် မြန်မာနိုင်ငံဒီမိုကရေစီစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားရေးမဏ္ဍိုင်ကြီး(၃)ရပ်လုံးမှ အကောင်အထည်ဖော်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၏ အရှိန်အဟုန် လျော့နည်းရပ်တန့်သွားခြင်းမရှိစေရန်နှင့် ပြည်သူသန်း ၆၀ ၏မျက်နှာကိုထောက်ထား၍လည်းကောင်း၊ မိမိတို့မဏ္ဍိုင်ကြီး(၃)ရပ်၏ စည်းလုံးညီညွတ်မှုကို မထိခိုက်စေရန်အတွက်လည်းကောင်း၊ ဤကိစ္စနှင့်ပတ်သက်၍ လွှတ်တော်က စွပ်စွဲပြစ်တင်သည့်နည်းလမ်းဖြင့်ဆောင်ရွက်မည့်အစား ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၂)တွင် တရားဝင်ပေးအပ်ထားသည့် အခွင့်အရေးကိုအသုံးပြုမည်ဆိုပါကလည်း မည်သူ့ကိုမျှ ထိခိုက်မှုမရှိစေဘဲ သင့်လျော်ကောင်းမွန်မည်ဟု ယူဆပါကြောင်း။

သို့သော်လည်း ဤအဖွဲ့အစည်းနှစ်ခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းများဖြစ်ပါသဖြင့် မိမိတို့ဆန္ဒအရ ကြိုက်နှစ်သက်သည့် နိုင်ငံရေးလမ်းကြောင်းကို ရွေးချယ်နိုင်ခွင့်ရှိပါကြောင်း ပြန်ကြားပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကစ္ဆပနဒီကုမ္ပဏီလီမိတက်၏ Electronic Road & Toll Pricing System ရှင်းလင်းမိတ်ဆက်တင်ပြပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# သတ်မှတ်ခွင့်ပြုထားသော ယာဉ်စီးခနှုန်းထားအတိုင်းသာတောင်းခံ ယာဉ်များအားလုံး သတ်မှတ်ခေါက်ရေ အပြည့်အဝပြေးဆွဲ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် ၂၀၁၁-၂၀၁၂ ခုနှစ် ဘဏ္ဍာရေးနှစ် (၄၄)ကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုချီးမြှင့်ပွဲ အခမ်းအနားကို မထသ(ရန်ကုန်တိုင်းဒေသကြီး) ရုံးချုပ်သင်တန်းခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားရာတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ၁၉၆၂ ခုနှစ်တွင် ရန်ကုန်မော်တော်ယာဉ်လိုင်းပေါင်းစုံကြီးကြပ်အုပ်ချုပ်ရေးကော်မတီအဖြစ် ဖွဲ့စည်းပေးခဲ့သည့်အချိန်မှစ၍ စတင်ပေါ်ပေါက်လာခြင်းဖြစ်ရာ ယနေ့ဆိုလျှင် နှစ်(၅၀)ပြည့် ရွှေရတုကာလရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်အတွင်း ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းကို ယာဉ်စီးရေအများဆုံးနှင့် ပို့ဆောင်ပေးနေသော အဖွဲ့အစည်းကြီးတစ်ရပ်ဖြစ်သည့်အပြင် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းစွာဖြင့်သွားလာနိုင်ရေး အချိန်မီပို့ဆောင်ပေးရန် တာဝန်ရှိသဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများအနေဖြင့် ခရီးသွားပြည်သူများနှင့်ဆက်ဆံရာတွင် မိမိတို့၏ ထမင်းရှင်များအဖြစ်ခံယူပြီး ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံပြောဆိုကြရန်၊ ယာဉ်လိုင်းအလိုက်သတ်မှတ်ခွင့်ပြုထားသောယာဉ်စီးခနှုန်းထားအတိုင်းသာ တောင်းခံကြရန်နှင့် ခရီးသည်များသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ယာဉ်များအားလုံး သတ်မှတ်ခေါက်ရေအပြည့်အဝပြေးဆွဲကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မထသ(ရန်ကုန်တိုင်းဒေသကြီး) ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူများ၊ လူမှုရေးစိတ်ဓာတ်ဖြင့် ကူညီခဲ့ကြသည့်ဝန်ထမ်း၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ၊ (၂၅)ကြိမ်နှင့်အထက် သွေးလှူဒါန်းခဲ့သူများ၊ လုပ်သက် ၂၅နှစ်နှင့်အထက် ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက သက်ဆိုင်ရာဌာနခွဲအလိုက် လုပ်အားယှဉ်ပြိုင်ဆုနှင့် လုပ်အားဆုများကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအတွက် လုပ်အားယှဉ်ပြိုင် ဆုငွေကျပ်သိန်း ၁၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီးမော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီအဆင့်ဆင့်ရှိ ဝန်ထမ်းများအတွက် လုပ်အားဆုငွေ ကျပ်သိန်း ၆၆၀ တို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကစ္ဆပနဒီကုမ္ပဏီလီမိတက်၏ Electronic Road & Toll Pricing System ရှင်းလင်းမိတ်ဆက်တင်ပြပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၈-၂၀၁၂ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၈း၂၅ ၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

**ညပိုင်း**

၄း၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)

၅း၄၀ ၂၀၁၂ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)

၆း၀၀ ညနေခင်းသတင်း

၆း၁၅ မိုးလေဝသအခြေအနေ

၈း၀၀ ပြည်တွင်းသတင်း

\- နိုင်ငံတကာသတင်းများ



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သီရိခေမာရပ်ကွက် ဗဟိုလမ်း(ရှမ်းလမ်း)နေ ဦးအုန်းမြင့်-ဒေါ်မြင့်ခိုင် မိသားစုတို့က ထာဝရအထွေထွေပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

# မြောက်ပိုင်းဒေသများ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဩဂုတ် ၂၀

**ယနေ့နံနက် ၉ နာရီခွဲမိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ရေးမြို့တွင် ၇ ဒသမ ၀၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၄ ဒသမ ၉၃ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၈၂ လက်မ၊ ကသာမြို့တွင် ၃ ဒသမ ၇၃ လက်မ၊ မိုးညှင်းမြို့တွင် ၃ ဒသမ ၁၁ လက်မနှင့် ပင်လောင်းမြို့တွင် ၂ ဒသမ ၈၇ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။



**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# တတ်မြောက်သည့် ပညာရပ်များ လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချ စိတ်စေတနာထားပြီး စွမ်းအားပြည့်တက်ကြွစွာဖြင့် အလုပ်အကျွေးပြု

**နေပြည်တော် ဩဂုတ် ၂၀**

ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံး တိုးတက်ဖွံ့ဖြိုးမှုဌာနနှင့် ကုလသမဂ္ဂလေ့ကျင့်သင်ကြားရေးနှင့် သုတေသနတက္ကသိုလ်တို့ကကြီးမှူး၍ On Line ဖြင့် ပို့ချခဲ့သည့် အန္တရာယ်အခြေပြု ချဉ်းကပ်မှုပုံစံဖြင့် ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း (Risk Based Approach to Financial Audit) သင်တန်းတွင် ထူးချွန်စွာ အောင်မြင်သူများအား ချီးမြှင့်သည့်အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က အမှာစကားပြောကြားရာ၌ မိမိတို့၏စစ်ဆေးရေးလုပ်ငန်းတွင် ရလဒ်ကောင်းဖြင့် ကောင်းမွန်သည့် စီမံအုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေခြင်း၊ နိုင်ငံ၏တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများရရှိနိုင်ခြင်း၊ ပြည်သူလူထုသို့ ရှင်းလင်းတင်ပြမှုနှင့် ပွင့်လင်းမြင်သာရှိမှုကို ဖြစ်ပေါ်စေခြင်း၊ ပိုမိုသန့်ရှင်းသည့် အစိုးရဖြစ်ပေါ်စေခြင်း စသည့် အကျိုးကျေးဇူးများရရှိအောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရန် အချိန်နှင့်တစ်ပြေးညီ တိုးတက်သစ်ဆန်းနေသော စစ်ဆေးရေးနည်းပညာရပ်များ ကျွမ်းကျင်တတ်မြောက်နေစေရန် ဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ပေးရေးအစီအမံတစ်ခုဖြစ်သည့် နိုင်ငံတကာစာရင်းစစ်ချုပ်ရုံး တိုးတက်ဖွံ့ဖြိုးမှုဌာနနှင့် ကုလသမဂ္ဂလေ့ကျင့်သင်ကြားရေးနှင့် သုတေသနတက္ကသိုလ်တို့ကကြီးမှူး၍ On Line ဖြင့် ပို့ချခဲ့သည့် အန္တရာယ်အခြေပြု ချဉ်းကပ်မှုပုံစံဖြင့် ဘဏ္ဍာရေးစာရင်းစစ်ဆေးခြင်း (Risk Based Approach to Financial Audit) သင်တန်းတွင် စာရင်းစစ်အရာရှိလေးဦးတက်ရောက်ပြီး လေးဦးစလုံး ထူးချွန်စွာအောင်မြင်ခဲ့၍ ယခုကဲ့သို့ အခမ်းအနားဖြင့်ချီးမြှောက်ရခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂ အဖွဲ့အစည်းကြီး၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအစီအမံတွင် နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခြင်းအတွက် နှစ်ထောင်းအားရဂုဏ်ယူမိကြောင်း၊ ယခု တတ်မြောက်သည့် ပညာရပ်များကိုလည်း လုပ်ငန်းခွင်တွင် ထိရောက်အကျိုးရှိစွာ အသုံးချ၍ နိုင်ငံတိုးတက်ဖွံ့ဖြိုးစေရန်အတွက် စိတ်စေတနာထားကာ စွမ်းအားပြည့် တက်ကြွစွာ အလုပ်အကျွေးပြုရန်လည်း တိုက်တွန်းလိုကြောင်း။

စဉ်ဆက်မပြတ် ပြုလုပ်မည့် ကုလသမဂ္ဂ အဖွဲ့အစည်းကြီး၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု အစီအမံတွင် မိမိတို့နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်အောင် မျိုးဆက်သစ်လူငယ်များမှ ယခုထူးချွန်စွာ အောင်မြင်ခဲ့သူများကဲ့သို့ ကြိုးစားသင်ကြားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားသည်။

ထို့နောက် အောင်လက်မှတ်နှင့်ဆုများကို ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်နှင့် ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်တို့က ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူတို့၏လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစား ဒေသနှင့်ကိုက်ညီပြီး လက်တွေ့အကျိုးဖြစ်ထွန်းမည့်လုပ်ငန်းများ ဝိုင်းဝန်းဆွေးနွေး



**အမှာစကားပြောကြား** ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၂၀**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ ပုံမှန်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ပြည်နယ်လွှတ်တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ရခိုင်ပြည်နယ်ခရီးစဉ်တွင် လမ်းညွှန်မှာကြားချက်များအား တိကျစွာလိုက်နာဆောင်ရွက်ရေး၊ နိုင်ငံတော်အဆင့်တွင် စီမံကိန်းကော်မရှင် အစည်းအဝေးများ ကျင်းပဆောင်ရွက်လျက်ရှိပြီး မြို့ပြနှင့်ကျေးလက်စီမံကိန်းများ ရေးဆွဲရာတွင် ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအဆင့်အတန်းရှိစွာ နေထိုင်နိုင်ရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ သွားလာမှုအဆင်ပြေစေရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး စသည့် ပြည်သူတို့၏လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရန် ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားလျက် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆွေးနွေးပွဲများနှင့် အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ပြည်နယ်အဆင့်ဌာနဆိုင်ရာအသီးသီးက မိမိဒေသနှင့် ကိုက်ညီပြီး လက်တွေ့အမှန်တကယ်အကျိုးဖြစ်ထွန်းမည့်လုပ်ငန်းရပ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများသည် မွန်းလွဲ ၂ နာရီတွင် ပြည်နယ်လွှတ်တော်ခန်းမ၌ စစ်တွေမြို့ပေါ်ရှိ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များနှင့်တွေ့ဆုံပြီး ကယ်ဆယ်ရေးစခန်းများ၌ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# (၁၉)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တယောအတီးပြိုင်ပွဲအတွက် လေ့လာရန်သီချင်းများ

*ယမန်နေ့ကအဆက်*

၁။ **ဝါသနာရှင်(ပထမတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | အောင်မင်္ဂလာ | (ယိုးဒယား) |
| (ခ) | မြိုင်ဂန္ဓမာ | (ယိုးဒယား) |
| (ဂ) | တောမြိုင်စွန်း | (ယိုးဒယား) |
| (ဃ) | စိန်ကြောင်နီလာ | (ပတ်ပျိုး) |
| (င) | မဲဇာတောင်ခြေ | (ပတ်ပျိုး) |
| (စ) | သာဆန်းရဂုံဖွေ | (ပတ်ပျိုး) |
| (ဆ) | မြန်ချာမြေကို | (ပတ်ပျိုး) |
| (ဇ) | ခိုင်ပန်းစုံမှန်မာလာ | (ယိုးဒယား) |

၂။ **ဝါသနာရှင်(ဒုတိယတန်း)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ရှင်သီဝလိ | (ကာလပေါ်) (ပြည်လှဖေ) |
| (ခ) | တောဟောဝန်လယ် | (ယိုးဒယား) |
| (ဂ) | မှန်ရဝေ | (ပတ်ပျိုး) |

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ဘုံဆောင်မြင့် | (ကြိုး) |
| (ခ) | မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း | (ကာလပေါ်) (ဝင်းဦး) |
| (ဂ) | မိုးလုံးပတ်လည် | (ပတ်ပျိုး) |

၄။ **အခြေခံပညာ (၁၅-၂၀)အဆင့် (အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | ဖြေလျှော့ခွေ | (ပတ်ပျိုး) |
| (ခ) | ကောက်စိုက်မ | (ကာလပေါ်) (စိန်ပါတီ) |
| (ဂ) | စိမ်းလဲ့လဲ့ညိုပြာ | (ကြိုး) |

၅။ **အခြေခံပညာ (၁၀-၁၅) အဆင့်(အမျိုးသား၊ အမျိုးသမီး)**

| | | |
|---|---|---|
| (က) | မြန်ခန်းကျွန်းတွင်း | (ကြိုး) |
| (ခ) | မြမန်းဂီရိ | (ယိုးဒယား) |
| (ဂ) | ဗွဲ | (ကာလပေါ်) (ပြည်လှဖေ) |

၆။ **အခြေခံပညာ (၅-၁၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**

| | | |
|---|---|---|
| (က) | သီဒါသီဒါ | (ကြိုး) |
| (ခ) | မေတ္တာ | (ကာလပေါ်) (မြသက်မူ) |
| (ဂ) | မှန်ညောင်သဠာ | (ကြိုး) |

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အလင်း ပြည်တွင်းအားကစား



# မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း ဒုတိယနေ့ပွဲစဉ်ပြိုင်ပွဲတွင် လက်စွမ်းပြအနိုင်ရရှိ

**ရန်ကုန် ဩဂုတ် ၂၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းအောင်မြင်မှုရရှိစေရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာ-နယူးဇီလန် GOOD WILL FRIENDLY MATCHES အမျိုးသားဘော်လီဘောပြိုင်ပွဲ၏ ဒုတိယနေ့ပွဲစဉ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ အာရှဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြသည်။

**အနိုင်ရရှိ**

ဒုတိယနေ့ပွဲစဉ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းနှင့်နယူးဇီလန်လက်ရွေးစင်အသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းက ၂၅-၂၂ မှတ်၊ ၂၅-၂၀ မှတ်၊ ၂၅-၁၉ မှတ် သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။ **(အပေါ်ပုံ)**

ဩဂုတ် ၂၂ ရက်တွင် (၁၇)ကြိမ်မြောက် အရှေ့တောင်အာရှအမျိုးသားအငယ်တန်းဘော်လီဘောပြိုင်ပွဲ (17th South East Asian Junior Men's Volleyball Championship 2012)ကို ယင်းအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# တိုက်ကွမ်ဒိုအားကစား စိတ်ပါဝင်စားသူများ လျှောက်ထားနိုင်

**ရန်ကုန် ဩဂုတ် ၂၀**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် မျိုးဆက်သစ် တိုက်ကွမ်ဒိုအားကစားသမားများအား ရွေးချယ်၍ စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၄ နှစ် ပတ်ဝန်းကျင်ရှိ အမျိုးသား ၅ ပေ ၁၁ လက်မနှင့် အထက်ရှိသူ၊ အမျိုးသမီး ၅ ပေ ၈ လက်မနှင့်အထက်ရှိသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

ရွေးချယ်ခံရသူများအား အောင်ဆန်းအားကစားပြိုင်ပွဲဝင်း ရန်ကုန်မြို့၌ စခန်းသွင်းလေ့ကျင့်ပေးသွားမည်ဖြစ်ပြီး စခန်းသွင်းလေ့ကျင့်နေသည့်ကာလအတွင်း နေထိုင်စားသောက်ရေး စီစဉ်ပေးမည့်အပြင် သင့်လျော်သည့် ထောက်ပံ့ငွေကိုလည်း လစဉ်ထောက်ပံ့ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အဖြစ် ရွေးချယ်ခံရပြီး (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ တိုက်ကွမ်ဒိုပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိပါက ဘဝတစ်သက်တာ အာမခံချက်ရရှိသည်အထိ ထိုက်ထိုက်တန်တန်ချီးမြှင့်သွားရန် စီစဉ်ထားသည်။

အရည်အချင်းနှင့်ကိုက်ညီပြီး တိုက်ကွမ်ဒိုအားကစားကို စိတ်ပါဝင်စားသူများ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ် အောင်ဆန်းအားကစားပြိုင်ဝင်း ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၅ ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်းနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၂၅၅၉၃၅၊ ၀၉-၅၀၂၃၅၀၁နှင့် ၀၉-၄၉၃၃၆၇၄၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၌ ဦးသန်းနိုင်သည် ဩဂုတ် ၄ ရက် မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်က ကစားဖော်များဖြစ်ကြသော ဦးမြင့်ဆွေ (Hallmark Co; Ltd)၊ ဦးစိုးမင်းဦး(ရွှေသမင်ဆေးတိုက်)၊ ဦးကျော်နိုင် (Sweet Golden Land Hotel) တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)ကို ၁၄၅ ကိုက်အကွာမှ Titleist Pro V1 ဘောလုံးကို PING Iron(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့်ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**



ဟင်္သာတတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်ကာယဗလမောင်ဆုရရှိသူများအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဟင်္သာတတက္ကသိုလ်၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ဟင်္သာတတက္ကသိုလ်၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်က အဆိုပါတက္ကသိုလ်ရွှေဟင်္သာခန်းမ၌ ကျင်းပရာ ကာယဗလမောင်ကိုးဦးနှင့် ကာယအလှမယ် ၁၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ကာယအလှမယ်ပြိုင်ပွဲတွင် ရုက္ခဗေဒ ဒုတိယနှစ်မှ မရည်မွန်သက်က ပထမ၊ ဓာတုဗေဒ တတိယနှစ်မှ မနော်ဖောပွေဝါးက ဒုတိယ၊ ရူပဗေဒ ဒုတိယနှစ်မှ မထိုက်ရွှေရည်က တတိယ၊ ကာယဗလမောင်ပြိုင်ပွဲတွင် ရူပဗေဒ ပထမနှစ်မှ မောင်ပြည့်ဖြိုးအောင်က ပထမ၊ ဘူမိဗေဒ ဒုတိယနှစ်မှ မောင်လွင်မိုးဟိန်းက ဒုတိယ၊ ဓာတုဗေဒ ဒုတိယနှစ်မှ မောင်မျိုးကျော်က တတိယရရှိကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မြန်မာ့အလင်း ကျန်းမာသုတ

# လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေး

*တောင်ကြီး ဩဂုတ် ၂၀*

*အသက်ရှည်အနာမဲ့ကြောင်းအတွက် ပြုကျင့်ရမည့် နည်းလမ်းကောင်းများထဲတွင် ငွေကုန်နည်းပြီး ကျန်းမာရေးအတွက် လွန်စွာအထောက်အကူပြုသည့် လမ်းလျှောက်ခြင်းသည် လွန်စွာကောင်းမွန်သောနည်း ဖြစ်ပေသည်။ ကျန်းမာရေးစာစောင်များတွင် ဖတ်မိသမျှ သိရှိထားသည်မှာ တစ်ရက်လျှင် မိနစ် ၃၀ (နှစ်မိုင်ခန့်)၊ တစ်ပတ်လျှင် အနည်းဆုံးငါးရက်လမ်းလျှောက်ပေးပါ။ ထိုသို့ သီးသန့်အချိန်မပေးနိုင်ပါက လုပ်ငန်းခွင်အတွင်း စုစုပေါင်း မိနစ် ၃၀ လမ်းလျှောက်သွားလာ/ တက်ဆင်း လှုပ်ရှားမှုပြုခြင်းလည်း အတူတူပင်ဖြစ်ကြောင်း မှတ်သားထားရပါသည်။ လမ်းလျှောက်ခြင်းကို "စိုက်လိုက်မတ်တတ်" မပြတ်ပြုလုပ်သွားလျှင် ကျန်းမာရေးအထောက်အကူပြုဆေးဝါးအများကြီးနှင့် အစားထိုးနိုင်ပါသည်။*

*စာရေးသူတို့ရုံးရှေ့လမ်းသည် ကျယ်ဝန်းပြီး ကားရှင်းခြင်း၊ လေကောင်းလေသန့်ရရှိခြင်း၊ ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ရန် နေရာကျယ်ဝန်းခြင်းများကြောင့် နေ့စဉ်အသက် ၂၀ မှ ၈၀ နှစ်အကြားရှိ အမျိုးသား အမျိုးသမီး၊ လူငယ်၊ လူလတ်၊ လူကြီးမျိုးစုံ လမ်းလျှောက်ခြင်း၊ လေ့ကျင့်ခန်းများပြုလုပ်ခြင်းများပြုလုပ်ကြလေ့ရှိရာ နံနက်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် လူအင်အား ၁၀၀ ဝန်းကျင်ခန့် အမြဲရှိကြောင်း မြင်တွေ့နေရပါသည်။ ၎င်းအပြင် စည်ပင်သာယာရေးအဖွဲ့မှလည်း မြို့လယ်ဗိုလ်ချုပ်ပန်းခြံနှင့် အိမ်တော်လမ်းဆုံရှိ မြေကွက်များတွင် ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရန် လွှဲစင်၊ လှည့်စင်များ ပြုလုပ်ပေးထားသဖြင့် ထိုနေရာများအထိ လမ်းလျှောက်လာကြပြီး လေ့ကျင့်ခန်းများပြုလုပ်ကြကြောင်းနှင့် နံနက်စောစော လေကောင်းလေသန့်ရှူရှိုက်ခြင်းအားဖြင့် အဆုတ် အတွင်း လေကောင်းလေသန့်ရခြင်း၊ လမ်းလျှောက်ခြင်းဖြင့် သွေးလည်ပတ်မှုကောင်းပြီး သွေးတိုး၊ နှလုံးစသည့် ရောဂါများဖြစ်ပွားမှုလျော့ကျခြင်း၊ မိတ်ဆွေများနှင့် တွေ့ဆုံစကားပြောခွင့်ရသဖြင့် ဗဟုသုတတိုးပွားခြင်း၊ အခက်အခဲများ စုပေါင်းဖြေရှင်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများအပြင် အသက်ရှည်အနာမဲ့သော နည်းကောင်းဖြစ်ပါ၍ နေ့စဉ်လမ်းလျှောက်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။*

***မောင်ကိုယ်ပွား (တောင်ကြီး)***

**ထစ်ချုန်းမိုး**

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။**

# တောင်ကိုရီးယားရုပ်ရှင်မင်းသား လီဗြောင်ဟွန်း ရုပ်ရှင်မင်းသမီးလီမင်ဂျန်နှင့် လက်ထပ်တော့မည်

ဆိုးလ် ဩဂုတ် ၂၀

တောင်ကိုရီးယားနိုင်ငံမှ နာမည်ကြီးရုပ်ရှင်မင်းသား လီဗြောင်ဟွန်းနှင့် တောင်ကိုရီးယားရုပ်ရှင်မင်းသမီး လီမင်ဂျန်တို့နှစ်ဦးသည် ယခုနှစ်အစောပိုင်းကပင် ချစ်သူများဖြစ်ခဲ့ကြကြောင်း ၎င်းတို့နှစ်ဦးစလုံးက ဩဂုတ် ၂၀ ရက်တွင် ဖော်ထုတ်ပြောကြားလိုက်ပြီဖြစ်သည်။

အသက် ၄၂ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသားလီဗြောင်ဟွန်းက လီမင်ဂျန်သည် မိမိဘဝအတွက် အရေးကြီးသောအမျိုးသမီးတစ်ဦးဖြစ်ကြောင်း၊ မိမိတို့နှစ်ဦး၏ချစ်ခြင်းမှာ သိမ်မွေ့နက်ရှိုင်းလျက်ရှိကြောင်း ချစ်သူဖြစ်သည့် လီမင်ဂျန်နှင့်ပတ်သက်ပြီး ပြောကြားသည်။


ရုပ်ရှင်မင်းသမီး လီမင်ဂျန်။


ရုပ်ရှင်မင်းသားလီဗြောင်ဟွန်း။

အသက် ၃၀ အရွယ်ရှိ ရုပ်ရှင်မင်းသမီး လီမင်ဂျန်ကလည်း မိမိဘဝအတွက် အကောင်းဆုံးလက်တွဲဖော်အဖြစ် ယုံကြည်ကြောင်း၊ မိမိတို့တစ်သက်လုံး ချစ်မြတ်နိုးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လီဗြောင်ဟွန်းနှင့် လီမင်ဂျန်တို့နှစ်ဦးသည် လာမည့်နိုဝင်ဘာလ၌ လက်ထပ်ကြရန်စီစဉ်နေပြီး ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ယခုအခါ ၎င်းတို့နှစ်ဦးသည် လက်ထပ်ဝတ်စုံများ ချုပ်လုပ်ရန်အတွက် ကိုရီးယားရိုးရာဓလေ့ဝတ်စုံများကို ရွေးချယ်လျက်ရှိကြသည်။

မိမိတို့နှစ်ဦး လက်ထပ်ပွဲကို အထူးအစီအစဉ်ဖြင့် ပြုလုပ်ကာ ပရိသတ်များအား ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း၊ ယင်းမှာ မိမိတို့နှစ်ဦး ချစ်သူများဖြစ်ခဲ့ကြသည်ကို ပရိသတ်များအား အချိန်ကြာမှ အသိပေးဖွင့်ပြောခဲ့ခြင်းအတွက်ဖြစ်ကြောင်း ရုပ်ရှင်မင်းသမီးလီမင်ဂျန်က ပြောကြားသည်။

ရုပ်ရှင်မင်းသား လီဗြောင်ဟွန်းမှာ **Storm Shadow** ဇာတ်ကားနှင့် ဟောလိဝုဒ်ဇာတ်လမ်းတွဲရုပ်ရှင်ဖြစ်သည့် **G.I.Joe** ဇာတ်ကားတို့ကြောင့် ကမ္ဘာတစ်ဝန်းမှပရိသတ်များ နှစ်သက်အားပေးခြင်းခံရသူဖြစ်သည်။

ထို့အတူ မကြာမီက ရိုက်ကူးခဲ့သော **King of Joseon** ဇာတ်ကားတွင်လည်း ထူးခြားသည့် အက်ရှင်များဖြင့် သရုပ်ဆောင်ထားသူဖြစ်သည်။ ရုပ်ရှင်မင်းသမီး လီမင်ဂျန်မှာ ၂၀၀၈ ခုနှစ်က ပါဝင်သရုပ်ဆောင်ခဲ့သော **Boys over Flowers** ဇာတ်ကားတွင် နာမည်ကြီးခဲ့သူဖြစ်ပြီး ၂၀၁၀ ခုနှစ်က ရိုက်ကူးခဲ့သော **Cyrano Agency** ရုပ်ရှင်ကားတွင်လည်း လူကြိုက်များခဲ့သည်။

ယခုနှစ် အစောပိုင်းက ရိုက်ကူးလျက်ရှိသော **Wonderful Radio** ရုပ်ရှင်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားသည်။ ထို့အပြင် တောင်ကိုရီးယားနိုင်ငံရှိ ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းက မကြာမီက စတင်ထုတ်လွှင့်ခဲ့သော **Big** အမည်ရှိ ရုပ်မြင်သံကြား ဒရာမာဇာတ်လမ်းတွဲ၌လည်း ပါဝင်သရုပ်ဆောင်ထားသူဖြစ်သည်။ **(အင်တာနက်)**

ဝေယံဦး - စုစည်းရေးသားသည်

# လီယိုနာဒိုရဲ့ချစ်သူအသစ် အီရင်ဟာသာတန် ရုပ်ရှင်လောကသို့ ဝင်ရောက်ရန်စီစဉ်နေ

လော့စ်အိန်ဂျလိစ် ဩဂုတ် ၂၀

ဟောလိဝုဒ်ရုပ်ရှင်မင်းသားလီယိုနာဒိုရဲ့ချစ်သူအသစ်ဖြစ်တဲ့ အမေရိကန်မော်ဒယ်အီရင်ဟာသာတန်ဟာ ရုပ်ရှင်လောကသို့ဝင်ရောက်ရန် အစီအစဉ်ရှိကြောင်း ဩဂုတ် ၁၉ ရက်က အင်တာနက်သတင်းမှာ ဖော်ပြထားပါတယ်။



အသက် ၂၃ နှစ်အရွယ်ရှိပြီး အသားညိုကာ လှပတဲ့ကိုယ်ဟန်နဲ့ ဆွဲဆောင်မှုရှိတဲ့ သူမရဲ့ မျက်နှာက ပရိသတ်တွေကို ဆွဲဆောင်မှုရှိစေတယ်လို့ ဟောလိဝုဒ်ရုပ်ရှင်ကုမ္ပဏီတွေက သုံးသပ်နေကြပါတယ်။ ချစ်သူဖြစ်တဲ့ ရုပ်ရှင်မင်းသား လီယိုနာဒိုကြောင့်မဟုတ်ဘဲ သူမရဲ့ ထူးခြားတဲ့ ရုပ်ရည်နဲ့ အမူအရာတို့ကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ အီရင်ဟာသာတန်ဟာ **(ယာပုံ)** အရပ် ၅ ပေ ၁၁ လက်မမြင့်ပြီး ဆံပင်အညိုရောင်၊ မျက်လုံးအပြာရောင်၊ အသားရောင်က အညိုရောင်ဖျော့ဖျော့ဖြစ်ပြီး အမြဲတမ်းအပြုံးရိပ်ရှိနေတဲ့ သူမရဲ့အမူအရာဟာ အထူးသဖြင့် အမျိုးသားပရိသတ်တွေအတွက် ဆွဲဆောင်မှုအပြည့် ရှိနေပါတယ်။

ရုပ်ရှင်မင်းသားလီယိုနာဒိုနဲ့ မော်ဒယ်အီရင်ဟာသာတန်တို့နှစ်ဦးဟာ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလကတည်းက တွဲလာခဲ့တာမို့ အခုဆိုရင် အချစ်သက်တမ်းကိုးလရှိနေပြီဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ပရိသတ်မြင်ကွင်းမှာ တွဲသွား တွဲလာပြုလုပ်နေတာမို့ လီယိုနာဒိုကြောင့် ရုပ်ရှင်လောကကိုဝင်ရောက်ရန် တွန်းအားပေးသလိုဖြစ်စေခဲ့ကြောင်း ဝေဖန်ပြောကြားမှုတွေကို အီရင်ဟာသာတန်က မိမိရဲ့ဆုံးဖြတ်ချက်ပေါ်မှာ အဓိကမူတည်ပါတယ်လို့ ပြောကြားခဲ့ပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသားလီယိုနာဒိုဟာ လာမယ့် ၂၀၁၃ ခုနှစ်မှာ ရုံတင်ပြသနိုင်ဖို့အတွက် ဇာတ်ကားသစ်တစ်ကားကို သရုပ်ဆောင်နေပါတယ်။ ဒါ့အပြင် ရုပ်ရှင်မင်းသားကြီး အာနိုး၊ ရုပ်ရှင်မင်းသားကြီးစတားလုန်းတို့နဲ့လည်း ပူးတွဲသရုပ်ဆောင်ပြီး အက်ရှင်ဇာတ်ကားသစ်တစ်ကားရိုက်ဖို့လည်း အစီအစဉ်ရှိနေပါတယ်။

ရုပ်ရှင်မင်းသားလီယိုနာဒိုကတော့ သူ့ရဲ့ချစ်သူအသစ်ဖြစ်တဲ့ အီရင်ဟာသာတန်ဟာ မိမိရဲ့စိတ်ကိုလှုပ်ရှားမှုဖြစ်စေတဲ့သူတစ်ဦးဖြစ်ကြောင်း ပြောကြားနေပါတယ်။ အီရင်ဟာသာတန်ဟာ ရုပ်ရှင်လောကကို ဘယ်လိုဇာတ်ကားနဲ့ ခြေချလာမလဲဆိုတာ မကြာခင်ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ **(အင်တာနက်)**

# လာလီဂါအဖွင့်ပွဲစဉ်၌ ဘာစီလိုနာတို့ ခြေစွမ်းပြဂိုးများသွင်း၊ ရီးရဲမက်ဒရစ်တို့သရေပွဲဖြစ်အောင် ရင်ပွင့်မတတ်ကစားခဲ့ရ



မက်ဒရစ် ဩဂုတ် ၂၀

ယခုနှစ်ဘောလုံးရာသီ စပိန်လာလီဂါအဖွင့်ပွဲစဉ်များကို စတင်ယှဉ်ပြိုင်ကစားလျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားသည့်ပွဲများအနက် ဘာစီလိုနာက ရီးရဲဆိုစီဒက်ကို ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ယူကာ **(ဝဲပုံ)** ယခုနှစ်လာလီဂါဖလားကို ရယူမည့်ခြေစွမ်းပိုင်ဆိုင်ကြောင်း ပြသနိုင်ခဲ့သော်လည်း လက်ရှိလာလီဂါဖလားပိုင်ရှင် ရီးရဲမက်ဒရစ်တို့က အဖွင့်ပွဲစဉ်၌ သရေပွဲဖြစ်အောင် ရင်ပွင့်မတတ်ကစားခဲ့ရသဖြင့် နည်းပြမော်ရင်ဟိုကို ရတက်မအေးဖြစ်စေမှုများနှင့်အတူ လာလီဂါခရီးကြမ်းကို ခြေလှမ်းစတင်ခဲ့ရသည်။

မက်ဆီ၊ ဖာဘရီဂတ်၊ ရိုဒရီကွက်ဇ်၊ ပူယိုးလ်စသည့် အဓိကကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာသော ဘာစီလိုနာတို့ အိမ်ကွင်း၌ကစားကွက်အသာစီးဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ဘာစီလိုနာအတွက် ပွဲအစ ၄ မိနစ်မှာပင် ပူယိုးလ်က ဦးဆောင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

သို့သော် ပွဲချိန် ၉ မိနစ်၌ ရီးရဲဆိုစီဒက်မှ ကတ်ဒရိုက ချေပဂိုးပြန်သွင်းယူပေးနိုင်ခဲ့သည်။ ဘာစီလိုနာတို့ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၁၁ မိနစ်နှင့် ၁၆ မိနစ်တို့၌ မက်ဆီတစ်ဦးတည်း နှစ်ဂိုးဆက်တိုက် သွင်းယူပေးနိုင်ခဲ့သည်။ တစ်ဖန် ပွဲချိန် ၄၁ မိနစ်၌ ရိုဒရီကွက်ဇ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး ဘာစီလိုနာတို့လေးဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပွဲချိန်အတွင်း ရီးရဲဆိုစီဒက်တို့ ချေပဂိုးမသွင်းနိုင်ဘဲဖြစ်လျက်ရှိရာ ပွဲချိန် ၈၄ မိနစ်၌ ဗီလာကတစ်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပွဲအပြီးဘာစီလိုနာက ငါးဂိုး-တစ်ဂိုးဖြင့်နိုင်ပွဲရရှိကာ လာလီဂါဖလားရယူရန် ထိပ်တန်းခြေစွမ်းရှိကြောင်း ပြိုင်ဘက်အသင်းများကို ခြိမ်းခြောက်နိုင်ခဲ့သည်။ တစ်ဖန် ရီးရဲမက်ဒရစ်နှင့် ဗလင်စီယာအသင်းတို့ပွဲတွင် ပွဲအစ ၁၀မိနစ်မှာပင် ဟီဂူအင်က ရီးရဲမက်ဒရစ်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူးများက ဗလင်စီယာနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သော်လည်း ကန်ချက်လွဲချော်မှု၊ အဆုံးသတ်မပိုင်မှုနှင့် ဗလင်စီယာဂိုးသမားနှင့် နောက်တန်းကစားသမားများ ဟန့်တားနိုင်မှုတို့ကြောင့် ဂိုးထပ်မံ မသွင်းနိုင်ခဲ့ချေ။ ပွဲချိန် ၄၂ မိနစ်၌ ဗလင်စီယာမှ ဂျိုနက်စ်က ချေပဂိုးပြန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းပွဲချိန်တွင်လည်း ရီးရဲမက်ဒရစ်တို့ ဂိုးမသွင်းနိုင်ခဲ့သည့်အပြင် ဗလင်စီယာတို့၏ ဂိုးသွင်းမခံရရေးကိုပါ ကြိုးစားဟန့်တားခဲ့ရသည်။ ပွဲအပြီး တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲဝေယူခဲ့ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

# ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် ဖီအိုရင်းတီးနားနှင့် ချေယေးဗိုတို့နိုင်ပွဲရ

ရောမ ဩဂုတ် ၂၀

ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၁၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ ဖီအိုရင်းတီးနားနှင့် နိုဗာရာအသင်းတို့ပွဲတွင် ဖီအိုရင်းတီးနားက နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဖီအိုရင်းတီးနားတို့ အိမ်ကွင်း၌ကစားရသော ယခုပွဲကို ဖိဖိစီးစီးကစားနိုင်ခဲ့သည်။ နိုဗာရာခံစစ်ကြောင်းကို ဖီအိုရင်းတီးနား တိုက်စစ်မှူးများက ထိုးဖောက်ဖြတ်ကျော်ကာ ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၄၄ မိနစ်၌ အယ်ဂျာဂျစ်က ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ပထမပိုင်းပွဲချိန်အပြီး ဖီအိုရင်းတီးနားတို့ တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းပွဲချိန်တွင်လည်း ဖီအိုရင်းတီးနားတို့ ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ရာ ပွဲချိန် ၅၃ မိနစ်၌ ပက်စ်ဂွယ်က တစ်ဂိုးသွင်းယူပြန်သဖြင့် ဖီအိုရင်းတီးနားတို့ နှစ်ဂိုးရရှိခဲ့သည်။ နိုဗာရာတို့ချေပဂိုးများ သွင်းယူနိုင်ရေးကြိုးစားခဲ့သော်လည်း တိုက်စစ်မှူးများ အဆုံးသတ်မသေချာမှုနှင့် ဖီအိုရင်းတီးနားခံစစ်မှူးများ၏အမှားအယွင်းနည်းစွာ ဟန့်တားနိုင်မှုများကြောင့် ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ပွဲအပြီး ဖီအိုရင်းတီးနားတို့က နှစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။ နောက်ထပ်ပွဲစဉ်အဖြစ် ချေယေးဗိုနှင့် အက်စ်ကိုလီအသင်းတို့ပွဲတွင် ချေယေးဗိုတို့က လေးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့သည်။ ချေယေးဗိုအတွက် ဂိုးများကို ပွဲအစ ၅ မိနစ်၌ပင် သီရာအောကဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့သည်။ ဆက်လက်ပြီး ၁၀ မိနစ်၌ ပီလီစီရာက တစ်ဂိုး၊ ပွဲချိန် ၂၇ မိနစ်၌ သီရာအောက တစ်ဂိုးနှင့် ၅၂ မိနစ်၌ မီချီလီက တစ်ဂိုး ဆက်တိုက်သွင်းယူခဲ့သဖြင့် ပွဲအပြီး ချေယေးဗို တို့က လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ တစ်ဖန် ဘိုလော့နာနှင့် ဗာရီစီအသင်းတို့ပွဲတွင် ဘိုလော့နာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ဘိုလော့နာအတွက် ပွဲချိန် ၄၂ မိနစ်နှင့် မိနစ် ၇၀ တို့၌ တိုင်ဒါတစ်ဦးတည်း နှစ်ဂိုး သွင်းယူခဲ့သည်။ ဗာရီစီအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၈၂ မိနစ်၌ မိုမန်တေးက သွင်းယူခဲ့သဖြင့် ပွဲအပြီး ဘိုလော့နာက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်



# စင်စင်နာတီမာစတာတင်းနစ်ပြိုင်ပွဲ ရော်ဂျာဖက်ဒရားနှင့် လီနာတို့အောင်ပွဲခံ

စင်စင်နာတီ ဩဂုတ် ၂၀

အမေရိကန်နိုင်ငံ စင်စင်နာတီမြို့၌ ကျင်းပသည့် စင်စင်နာတီမာစတာတင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဩဂုတ် ၂၀ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ တရုတ်တင်းနစ်မယ်လီနာက ဖလားဆွတ်ခူးခဲ့ပြီး အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ ရော်ဂျာဖက်ဒရားက ဖလားကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

တရုတ်တင်းနစ်မယ်လီနာသည် ဂျာမန်တင်းနစ်မယ်ခါဘာအား ၁-၆၊ ၆-၃၊ ၆-၁ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၌ လီနာအောင်ပွဲခံနိုင်ခဲ့သဖြင့် ပြီးခဲ့သည့်သီတင်းပတ်က မွန်ထရီရယ်တင်းနစ်ပြိုင်ပွဲ၌ ဗစ်တိုဗာကို ရှုံးနိမ့်ခဲ့သည့်ပွဲ အပါအဝင် ယခုနှစ်ပြိုင်ပွဲသုံးရပ်၌ ရှုံးပွဲဆက်တိုက်ကြုံတွေ့နေရမှုကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

အသက် ၃၀ အရွယ်ရှိ လီနာသည် ယခုဆုဖလားအပါအဝင် ယခုအချိန်အထိ ဆုဖလားပေါင်း ခြောက်ခုရရှိခဲ့ပြီး ဖြစ်သည်။ ထို့အတူ စင်စင်နာတီမာစတာတင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ဂျိုကိုဗစ်အား ရော်ဂျာဖက်ဒရားက အနိုင်ယူခဲ့သည်။

ကမ္ဘာ့အဆင့်-၁ တင်းနစ်ကစားသမား ရော်ဂျာဖက်ဒရားသည် ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်အား ၆-၀၊ ၇-၆(၉-၇)ဖြင့် နိုင်ပွဲရပြီး စင်စင်နာတီဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့သည်။

ရော်ဂျာဖက်ဒရား၏ ယခုနိုင်ပွဲသည် ဂျိုကိုဗစ်နှင့် (၂၈) ကြိမ် ဆုံတွေ့ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်များအနက် ၁၆ ပွဲမြောက် နိုင်ပွဲလည်းဖြစ်ခဲ့သည်။ **(အင်တာနက်)**

UEFA မှတင်ဒါစနစ်ဖြင့်ရောင်းချသော CHAMPIONS LEAGUE
အားကစားပွဲစဉ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိဘပြည်သူညီအစ်ကိုမောင်နှမများ
ကိုယ်စားတရားဝင် ဝင်ရောက်ယှဉ်ပြိုင်ပြီး EXCLUSIVE RIGHT ရရှိထားသော

SKY NET

UEFA CHAMPIONS LEAGUE

UEFA CHAMPIONS LEAGUE ပွဲစဉ်များအားလုံး (စုစုပေါင်း ၁၄၅ပွဲ )ကို ၂၀၁၂ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့မှ စတင်၍ တိုက်ရိုက် (LIVE)ထုတ်လွှင့် တင်ဆက်ပြသသွားမည် ဖြစ်ပါကြောင်း ရှိသေလေးစားစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။

21-8 (11).pmd 1 21/08/2012, 2:22 AM

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မြမြသွင် (Molly Thwin)(Chairman-Myittar Biotech Co.,Ltd.) ၏ ၂၁-၈-၂၀၁၂ရက်တွင် ကျရောက်သော စိန်ရတု အကြိုမွေးနေ့ မင်္ဂလာရက်မြတ်မှသည် နောင်နှစ်(၁၂၀)တိုင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော ချမ်းသာခြင်းများ ပိုင်ဆိုင်နိုင်ပြီး မေမေချစ်မြတ်နိုး တန်ဖိုးထားသော ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများနှင့်အတူ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပြီး သာယာချမ်းမြေ့သော လောကီ၊ လောကုတ္တရာ ဘဝခရီးလမ်းကို ချစ်သောမိသားစုနှင့် ထာဝရ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်သား - ဦးကျော်ဦးမော်
Managing Director- Myittar Biotech Co., Ltd.
ချစ်သမီး - ဒေါ်ကျော့ကျော့စံ
Director - Myittar Biotech Co.,Ltd.
ချစ်မြေး - မမေဘရဏီကျော် Grade -VIII(M), TTC
ချစ်မြေး - မမေစန္ဒီမော် Grade -VI(B), TTC




# အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ

အောင်ချက်ရာခိုင်နှုန်း ၉၁ ဒသမ ၈၆ ဖြင့်
တိုင်းဒေသကြီး အောင်ချက်မှာ တတိယ
ထ(၅) ဗိုလ်တထောင် ဂုဏ်ဆောင်ကြတဲ့
နှစ်ထောင့်ဆယ့်နှစ်၊ တပည့်ချစ်တို့က
နာသုံးနာရှင်၊ ဆရာသခင်တို့အား
ကြည်လင်သဒ္ဓါ၊ ရိုသေစွာဖြင့်
ပူဇော်တဲ့ပွဲ၊ နွှဲပျော်ရအောင်
ဩဂုတ် နှစ်ဆယ့်ခြောက်၊ အရောက်လှမ်းစို့
ငယ်ပေါင်းတို့၊ ကျောင်းတော်မဟာဆီ
နံနက် ၉ နာရီ၊ တို့များ စုံစုံညီ။ ။

၂၀၁၂-တက္ကသိုလ်ဝင်တန်းအောင်
ကျောင်းသား၊ ကျောင်းသူများ

## ကန့်ကွက်နိုင်ပါသည်

ရန်ကင်းမြို့နယ်၊ ၁၂ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၉၀)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးအောင် ၁၂/ဒဂတ(နိုင်)၀၀၅၁၄၇ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေ ဦးဌေးအောင်သည် ဦးသိန်းဝင်း ၁၂/ရကန(နိုင်)၀၄၈၄၂၃ ကိုင်ဆောင်သူ နေထိုင်ပိုင်ဆိုင်လျက်ရှိသော အမှတ်(၁၂၂၁)၊ အုတ်စီကန်လမ်း၊ (၁၁)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ အိမ်ခြံမြေကို ဝယ်ယူရန်စရန်ငွေအချို့အဝက်ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့သော်လည်းကောင်း၊ ကျွန်ုပ်၏ မိတ်ဆွေဦးဌေးအောင်ထံသို့သော်လည်းကောင်း၊ ရက်သတ္တပတ်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။ ရက်သတ္တပတ်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိအောင် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအောင်(အယ်လ်အယ်လ်ဘီ)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် ၇၇၈၊ စာဂ ၁၇ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပ၊**
**ဖုန်း-၅၆၆၆၈၄**


## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ တိုက်အမှတ် ၇၊ အခန်းအမှတ် ၀၀၅၊ မြေညီထပ်၊ ရတနာမွန်အိမ်ရာ၊ ၁၁လမ်း၊ (၃)ရပ်ကွက်ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ရောင်းချပိုင်ခွင့်ရှိသူအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါလျှင် သို့တည်းမဟုတ် တစ်စုံတစ်ရာတင်ပြလိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ အထောက်အထား မူရင်းများနှင့်တကွ တိတိကျကျ တရားဝင်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ အကယ်၍ ကန့်ကွက်အရေးဆိုသူ လုံးဝမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါသည်။

**ဝယ်ယူသူ ဒေါ်ကေသီအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**


**ဦးနေဝင်း**
**တရားလွှတ်တော်ရှေ့နေ**
**တိုက်(၅)၊ အခန်း(၆)၊ (၁၁)လမ်း၊ ဘုရင့်နောင်အိမ်ရာ၊**
**(၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**



## ဖခင်အမည်မှန်

ဆိပ်ကြီးခနောင်တို၊ အခြေခံပညာအထက်တန်းကျောင်း၊ နဝမတန်း(D)မှ မောင်ကျော်မင်းသိမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်(ခ)ဦးအေးလွင် ၁၂/သကတ(နိုင်)၀၀၄၆၄၇ ဖြစ်ပါသည်။
















**အမည်ပြောင်း** ဦးကျော်သူထွန်း၏သမီး အထက (၁) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ တက္ကသိုလ်ဝင်တန်း(B) မှ မရွှန်းလဲ့သူအား မယွန်းရည်မွန်စံဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းရည်မွန်စံ**



C B BANK

# " CB BANK နှစ်(၂၀)ပြည့် အထူးကျေးဇူးတင်လွှာ "

(၂၁. ၈. ၂၀၁၂) ရက်နေ့၌ ကျရောက်သည့် CB Bank ၏

နှစ်(၂၀)ပြည့်မြောက်သည့်နေ့တွင် CB Bank နှင့် ယုံကြည်စိတ်ချစွာ ရေရှည်လက်တွဲ၍

ဆက်သွယ်ဆောင်ရွက်လျက်ရှိကြသော မိတ်ဟောင်းမိတ်သစ် Customer များအား

အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့်ယခုထက်ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများဖြင့်

ဆက်လက်ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း

မင်္ဂလာနှုတ်ခွန်းဆက်သပါသည်။

ဘဏ်ဒါရိုက်တာအဖွဲ့

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါက်တာ ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက်(၇၇)နှစ်**

အမှတ်၉/(B)၊ Palm Court Villa ၊ မရမ်းကုန်းမြို့နယ်နေ (ဒေါက်တာကိုကြီး-ဒေါ်လှကြည်)တို့၏သမီး၊ ဒေါက်တာတင်မြင့်၏ဇနီး၊ (ဒေါက်တာသန်းထွန်း)-ဒေါ်ခင်ရေးလွင်၊ (ဦးတင်ထွန်း-ဒေါ်တင်ရီ)၊ (ဒေါ်ခင်အုန်းမြင့်-ဗိုလ်ကြီးအောင်သွင်)တို့၏ညီမ၊ (ဦးစိန်ထွန်း)-ဒေါ်ခင်စိုး၊(ဦးသောင်းထွန်း-ဒေါ်ကြင်ရီ)၊[ဒေါ်ခင်မမ(ခ)ဒေါ်စိန်စိန်ရီ-ဗိုလ်မှူးခင်မောင်ထွေး]တို့၏အစ်မသည် ၁၇-၈-၂၀၁၂ရက် နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၂ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်သည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါက်တာ ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက်(၇၇)နှစ်**

အမှတ် ၉/(B)၊ Palm Court Villa၊ မရမ်းကုန်းမြို့နယ်နေ (ဒေါက်တာကိုကြီး-ဒေါ်လှကြည်) တို့၏သမီး၊ ဒေါက်တာတင်မြင့်၏ဇနီး၊ ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်၊ ဦးသီဟသူရမွန်-ဒေါ်မေသူကျော်တို့၏မိခင်၊ မကေခိုင်သူရမွန်၊ မောင်ဝီရိယသူရမွန်၊ မယွန်းရွှေရည်သူရမွန်၊ မမေမြင့်မိုရ်သူရမွန် တို့၏အဘွားသည် ၁၇-၈-၂၀၁၂ရက် နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၂ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီး ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၂ရက် (ကြာသပတေးနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

## ဒေါ်ထွေးထွေး

**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၁၇၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်နေ (ဦးဘတော်-ဒေါ်ပြုံးရင်)တို့၏သမီး၊ (ဦးဘလွင်-ဒေါ်ခင်ညွန့်)တို့၏သမီးချွေးမ၊ ဦးဉာဏ်ဝင်း-ဒေါ်ခင်ညို၊ ဦးထွန်းရင်-ဒေါ်မြင့်မြင့်တို့၏ ချစ်လှစွာသောညီမ၊ ဒုတိယဗိုလ်မှူးကြီးသိုက်စိုး(ငြိမ်း) (စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး)၏ ချစ်လှစွာသောဇနီး၊ ဦးမင်းမြတ်စိုး-ဒေါ်စုမွန်ရည်၊ ဦးဇော်နိုင်သိန်း-ဒေါက်တာသဲမြတ်စိုး၊ ဦးဟိန်းလတ်စိုး-ဒေါ်ဖြူအုဆွေတို့၏မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၁၈-၈-၂၀၁၂ရက် (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၀၀း၀၄ နာရီတွင် စင်ကာပူနိုင်ငံ Gleneagle Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၈-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ မိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဖခင် အမည်မှန်**

အထက(၄)၊ မင်္ဂလာဒုံ၊ တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇေဝင်းနိုင် ကျောင်းဝင်အမှတ် ၁၉၅၇/၀၇၏ ဖခင် အမည်မှန်မှာ ဦးမောင်မောင်ဝင်း ဖြစ်ပါသည်။

**ဥတုရာသီ တောကိုမှီ၍**

### ဦးမျိုးတင့်

**(သပြေကန်)**

**အသက် (၇၄)နှစ်**

(ဦးအေးမောင်-ဒေါ်အေးမြ)တို့၏သား၊ (ဦးအောင်ဘ-ဒေါ်ရှင်)တို့၏သားသမက်၊ ဦးအောင်မျိုးသန်း-ဒေါ်မြင့်မြင့်စန်းတို့၏ဖခင်၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ ဥယျာဉ်လမ်း၊အမှတ် ၅၄၄ နေ (ဒေါ်မြသန်း)၏ခင်ပွန်း၊ (ဦးဉာဏ်ထွန်း)-ဒေါ်စိန်ကျင်၊ ဦးဘမောင်-ဒေါ်သန်းကြည်၊ (ဦးချစ်လှိုင်-ဒေါ်တင်လှ)၊ ဦးဘိုကေ-ဒေါ်လှတင်၊(ဦးရွှေ-ဒေါ်တင်ကြည်) ရွှေသွေးအိမ်၊ ဒေါ်သန်း၊ ဒေါ်သန်းရင်၊ ဒေါ်တင်ဥ၊ (ဦးစိုးသိန်း)-ဒေါ်မြင့်စီတို့၏ ညီမောင်၊ ဒေါ်တင်ဝင်း၊ (ဦးတုတ်)-ဒေါ်ရီ၊ ဦးထွန်းကြိုင်-ဒေါ်စန်းမြင့်၊ ဦးဝင်းလှိုင်-ဒေါ်ခင်သန်း၊ ဦးတင့်ဆွေ-ဒေါ်မြအုန်း၊ (ဦးမောင်)-ဒေါ်ခင်တင့်တို့၏ အစ်ကို၊ ဒေါ်ဝါဝါ(ထ/၁၊ အင်းစိန်)၊ ကိုမျိုးလေးနှင့် တူ၊ တူမ ၆၅ယောက်တို့၏ဦးလေး၊ မောင်မြင့်မိုးအောင်၊ မောင်ပြည့်မိုးအောင်တို့၏ အဘိုးသည် ၁၇-၈-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၈-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S. (YGN)**

**အသက် (၇၇)နှစ်**

Zeya & Associates Co., Ltd. မှ ဦးဇေယျာသူရမွန် (Group CEO/Managing Director)-ဒေါ်ခိုင်ခိုင်မြင့်(Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director)-ဒေါ်မေသူကျော်တို့၏ မိခင် ဒေါက်တာဒေါ်ခင်အုန်းသန်းသည် ၁၇-၈-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**International Top Technique Co., Ltd. မှ**
**အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

Gunkul Engineering Supply Co., Ltd. မှ ဦးဇေယျာသူရမွန် (Group CEO/Managing Director) - ဒေါ်ခိုင်ခိုင်မြင့် (Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director) နှင့် ဇနီး ဒေါ်မေသူကျော်တို့၏ မိခင် ဒေါက်တာဒေါ်ခင်အုန်းသန်းသည် ၁၇-၈-၂၀၁၂ ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**GK Power Systems မိသားစု**

### ဝမ်းနည်းကြေကွဲခြင်း

Gunkul Engineering Supply Co.,Ltd. မှ သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် (Group CEO/Managing Director) -ဒေါ်ခိုင်ခိုင်မြင့်(Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director)-ဒေါ်မေသူကျော်တို့၏မွေးသမိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက် (၇၇) နှစ်သည် ၁၇-၈-၂၀၁၂ရက်(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Gunkul Engineering Supply Co., Ltd.**

### ဝမ်းနည်းကြေကွဲခြင်း

သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် (Chief Executive Officer, Myanmar) နှင့် ဇနီးဒေါ်ခိုင်ခိုင်မြင့် (Dy Managing Director, Myanmar)၊ ဦးသီဟသူရမွန် (Dy Managing Director, Myanmar) နှင့် ဇနီးဒေါ်မေသူကျော် Gunkul Engin-eering Public Co., Ltd. တို့၏ မွေးသမိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက်(၇၇)နှစ်သည် ၁၇-၈-၂၀၁၂ရက် (သောကြာနေ့) နံနက်၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Gunkul Engineering Public Co., Ltd./Thailand**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် (Group CEO/Managing Director) - ဒေါ်ခိုင်ခိုင်မြင့် (Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director) -ဒေါ်မေသူကျော်တို့၏မွေးသမိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက် (၇၇)နှစ်သည် ၁၇-၈-၂၀၁၂ရက် (သောကြာနေ့) နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Zeya & Associates Medical Systems**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

Royal GK Pte Ltd. မှ ဦးဇေယျာသူရမွန် (Group CEO/Managing Director)-ဒေါ်ခိုင်ခိုင်မြင့်(Deputy Managing Director)၊ ဦးသီဟသူရမွန်(Deputy Managing Director) -ဒေါ်မေသူကျော်တို့၏မိခင် ဒေါ်ခင်အုန်းသန်းသည် ၁၇-၈-၂၀၁၂ရက်(သောကြာနေ့) နံနက်၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Royal GK Pte Ltd/Singapore မှ ဝန်ထမ်းမိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း M.B.,B.S (YGN)

**အသက် (၇၇)နှစ်**

ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်(Gunkul Engineering Supply Co.,Ltd.) တို့၏မိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက် (၇၇)နှစ်သည် ၁၇-၈-၂၀၁၂ ရက် နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ ဝန်ထမ်းမိသားစုများ**
**True Visions Co., Ltd.**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း M.B.,B.S (YGN)

**အသက် (၇၇)နှစ်**

ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်(Gunkul Engineering Supply Co.,Ltd.) တို့၏မိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက် (၇၇)နှစ်သည် ၁၇-၈-၂၀၁၂ ရက် နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့ ဝန်ထမ်းမိသားစုများ**
**Myanmar Trade Center Co., Ltd.**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း M.B.,B.S (YGN)

**အသက် (၇၇)နှစ်**

ဦးဇေယျာသူရမွန်-ဒေါ်ခိုင်ခိုင်မြင့်(Gunkul Engineering Supply Co.,Ltd.) တို့၏မိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက် (၇၇)နှစ်သည် ၁၇-၈-၂၀၁၂ ရက် နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးပြည့်စုံဦး၊ ဦးအာကာကြိုင်**
**Infinity Innovation Co., Ltd.**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

သစ်နှစ်ပင်အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ ဦးဇေယျာသူရမွန်(ဥက္ကဋ္ဌ)- ဒေါ်ခိုင်ခိုင်မြင့်(အုပ်ချုပ်မှုဒါရိုက်တာ)၊ ဦးသီဟသူရမွန်(ဒါရိုက်တာ)-ဒေါ်မေသူကျော်တို့၏ မိခင် ဒေါ်ခင်အုန်းသန်းသည် ၁၇-၈-၂၀၁၂ရက်(သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်နှစ်ပင်အထွေထွေစီးပွားရေးလုပ်ငန်း**
**သမဝါယမအသင်းလီမိတက်အသင်းသားများ**

## (၁)လပြည့် လွမ်းဆွတ်သတိရအမှတ်ဝေခြင်း

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင် (စစ်ကိုင်းမြို့)

**အငယ်တန်းအင်ဂျင်နီယာ (၁) မြို့ပြ**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**အဆောက်အအုံအထူးအဖွဲ့ (၆)၊ မန္တလေး**

ဇနီး၊ သားကြီး၊ သမီးလေးတို့ကို ခွဲခွာသွားခဲ့သည်မှာ ၂၁-၈-၂၀၁၂ရက်တွင် တစ်လပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်တမ်းတသတိရလျက် ရှိနေကြဆဲပါ။ ကျေးဇူးရှင် ခင်ပွန်းအား ရည်စူးပြီး ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုအစုစုတို့ဖြင့်လှူဒါန်းပြီး ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ သာဓုအကြိမ်ကြိမ် ခေါ်ဆိုနိုင်ပါစေ။

| | |
|---|---|
| ဇနီး- | ဒေါ်ဆွေဆွေစန်း<br>(အငယ်တန်းအင်ဂျင်နီယာ -၂ မြို့ပြ၊ စစ်ကိုင်း) |
| သားကြီး- | မောင်ဆွေဦးမောင်-မနှင်းဝတ်ရည်ဆွေ<br>(ချမ်းမြေ့ခန်းမ၊ စစ်ကိုင်း) |
| သမီးလေး- | မအေးချမ်းမြေ့မောင်မောင်<br>(မွေး/ဆေးတက္ကသိုလ်၊ ရေဆင်း)<br>အမှတ် ၁၆၊ နန်းဦးမြို့သစ်ရပ်၊ စစ်ကိုင်းမြို့။ |

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် (Group CEO/Managing Director)- ဒေါ်ခိုင်ခိုင်မြင့် (Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director)-ဒေါ်မေသူကျော် Zeya & Associates Co., Ltd. တို့၏ မွေးမိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက် (၇၇)နှစ်သည် ၁၇-၈-၂၀၁၂ရက်(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**YESB Technologies Switchgear Factory**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

သုဓမ္မမဏိဇောတဓရ ဦးဇေယျာသူရမွန် (Group CEO/Managing Director)- ဒေါ်ခိုင်ခိုင်မြင့် (Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director)-ဒေါ်မေသူကျော် Gunkul Engineering Supply Co., Ltd.တို့၏ မိခင် ဒေါက်တာဒေါ်ခင်အုန်းသန်း အသက်(၇၇)နှစ်သည် ၁၇-၈-၂၀၁၂ရက်(သောကြာနေ့) နံနက် ၉း၃၀နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Fresh Air Conditioning Systems**

### ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာဒေါ်ခင်အုန်းသန်း

**M.B.,B.S (YGN)**

**အသက် (၇၇)နှစ်**

ရန်ကုန်မြို့၊ အိမ်အမှတ် ၉/(B) Paim Court Villai ၊ မရမ်းကုန်းမြို့နယ်နေ Zeya & Associates Co., Ltd. မှ ဦးဇေယျာသူရမွန် (Group CEO/Managing Director)-ဒေါ်ခိုင်ခိုင်မြင့် (Deputy Managing Director)၊ ဦးသီဟသူရမွန် (Deputy Managing Director)-ဒေါ်မေသူကျော်တို့၏မိခင် ဒေါ်ခင်အုန်းသန်းသည် ၁၇-၈-၂၀၁၂ရက် (သောကြာနေ့) နံနက် ၉း၃၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားသည့်အတွက် Zeya & Associates Co., Ltd. ဝန်ထမ်းများမှ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Zeya & Associates Co., Ltd. မှ ဝန်ထမ်းများ**

# နိုင်ငံတော်သမ္မတက ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အဆင့်(၃)ဆင့်ပိုင်းခြားပြီးဆောင်ရွက်ရန် လမ်းညွှန်ထား

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မူဝါဒများကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်ပြီးချိန်တွင် ပြဿနာများ ကွယ်ပျောက်သွားမည်

နေပြည်တော် ဩဂုတ် ၂၀

**ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၉၁)ဦး တက်ရောက်ကြပြီး ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။**

**မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ** ၌ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၏ **ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များအား သမိုင်းမှတ်တမ်းကမ္ပည်းကျောက်စာတိုင်တစ်ခုထားရှိရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဖြေကြားရာတွင် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ဦးစီးဦးဆောင်ပြုကာ ကြိုးပမ်းခဲ့ကြသည့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များ၏ သမိုင်းမှတ်တမ်းများကို စာပေနှင့် နိုင်ငံတော်မှ မှတ်တမ်းတင်ထားရှိခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို လွတ်လပ်ရေးရရှိရန် ဦးစီးဦးဆောင်ပြုကာ မိမိတို့ဆန္ဒအလျောက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ရဲဘော်သုံးကျိပ်အဖွဲ့ဝင်များအား ဂုဏ်ပြုသောအားဖြင့် သမိုင်းမော်ကွန်းကျောက်စာတိုင်တည်ထားရန် လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။



မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၏ **မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများအား လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ငွေကြေးသုံးစွဲမှုအခြေအနေ မှန်/မမှန်၊ ကိုက်/မကိုက် ထိန်းကျောင်းပေးနိုင်သော အတွင်းစာရင်းစစ် (Internal Accounting)နှင့် ပြင်ပစာရင်းစစ် (External Accounting)** နှင့်စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်က ဖြေကြားရာတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ဒေသစာရင်းစစ်ရုံးများသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ အစိုးရဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းနှင့် စာရင်းများကို ပြင်ပစာရင်းစစ် (External Auditor) အဖြစ် စစ်ဆေးပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာတွင် စစ်ဆေးခံအဖွဲ့အစည်းက အရေးယူဆောင်ရွက်ရသည့် အချက်များကို ဖော်ပြ၍ ထုတ်ပြန်ပါကြောင်း။

အစီရင်ခံစာထုတ်ပြန်ပြီးသည့်အခါတွင်လည်း အရေးယူဆောင်ရွက်မှုကို သင့်တင့်သည့်ကာလအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းက ပြန်ကြားပေးရန်ကာလကို အစီရင်ခံစာပေးပို့စဉ်ကပင် သတ်မှတ်ပေးထားပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ *စာမျက်နှာ ၇ ကော်လံ ၁* ●

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

# M-3 လုပ်ကွက်အတွင်း အကဲဖြတ်တွင်း (၅)တွင်းအား ၂၀၁၂ ခုနှစ် နှစ်ကုန်ခန့်တွင် တူးဖော်စမ်းသပ်သွားမည်ဖြစ်

## အဆိုပါတွင်းများ၌ သဘာဝဓာတ်ငွေ့သိုက်၏ပမာဏကို တွက်ချက်ကာ စီးပွားဖြစ်ထုတ်လုပ်မှုကို အတည်ပြုသွားမည်

နေပြည်တော် ဩဂုတ် ၂၀

**အမျိုးသားလွှတ်တော်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၀၂)ဦးတို့ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာတင်ရွှေ၏ **"သဘာဝဓာတ်ငွေ့နှင့် လေဆီများထွက်သည့် အောင်သခ်(၂) ရှာဖွေရေးတွင်းအား ထိုင်းနိုင်ငံကုမ္ပဏီတွင်းတူးစက်ဖြင့် တူးလျက်ရှိရာ အောင်မြင်မှု ရှိ/မရှိကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက အောင်သခ်(၂) ရှာဖွေရေးတွင်းသည် မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3 အတွင်း၌ တည်ရှိပြီး ရန်ကုန်မြို့၏ အနောက်တောင်ဘက် (၁၈၅)ကီလိုမီတာအကွာတွင် တည်ရှိပါကြောင်း၊ အဆိုပါလုပ်ကွက် M-3 အား စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံမှ ပီတီတီအီးပီအိုင် ရေနံကုမ္ပဏီတို့သည် ၂၀၀၄ ခုနှစ် ဩဂုတ် ၇ ရက်တွင် PSC စာချုပ်ချုပ်ဆိုကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးလုပ်ငန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၁ ခုနှစ် မတ် ၂၆ ရက်တွင် အဆိုပါလုပ်ကွက်အတွင်း ရှာဖွေရေးတွင်း အောင်သခ်(၂)အား အနက် (၉၄၈၅)ပေအထိ အောင်မြင်စွာ တူးဖော်ခဲ့ပြီး အနက် (၉၁၃၈)ပေမှ (၉၄၁၃)ပေအတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်မည့် ထုံးကျောက်လွှာအား တွေ့ရှိခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် မတ် ၄ ရက်တွင် ထုံးကျောက်လွှာ ၃ ခု၊ စုစုပေါင်းအထူ (၁၀၈)ပေအား သေနတ်ဖောက်စမ်းသပ်ခဲ့ရာ တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ (၂၅ ဒသမ ၁၄)ကုဗပေသန်းနှင့် လေဆီ (၁၅၄)စည် ထွက်ရှိသည့်အတွက် လုပ်ကွက် M-3 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနေမှုအား အတည်ပြုနိုင်ခဲ့ပါကြောင်း။

အဆိုပါ လုပ်ကွက်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့တည်ရှိမှုပမာဏအတိအကျနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်မှု ရှိ/မရှိ သိရှိနိုင်ရန်အတွက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် သုံးဖက်မြင်ဆိုက်စမစ်တိုင်းတာမှု (၆၁၈)စတုရန်းကီလိုမီတာအား ထပ်မံဆောင်ရွက်ခဲ့ပါကြောင်း၊ တိုင်းတာခဲ့သည့် သုံးဖက်မြင်ဆိုက်စမစ် *စာမျက်နှာ ၇ ကော်လံ ၁* ■



အမျိုးသားလွှတ်တော်အစည်းအဝေး (၃၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

မီယက်နမ် မြောက်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်မှုန်တိုင်းကြောင့် နေအိမ်အချို့ပျက်စီး၊ ၂၇ ဦးသေဆုံး စာ-၄



ကံကောင်းလွန်းသည့် လေထီးခုန်သမား စာ-၅ မြေပြင်နှားရောက်မှ လေထီးပွင့်ကာ အသက်ဘေးလွတ်





လာလီဂါအဖွင့်ပွဲစဉ်၌ ဘာစီလိုနာတို့ ခြေစွမ်းပြဂိုးများသွင်း၊ ရီးရဲမက်ဒရစ်တို့ သရေပွဲဖြစ်အောင် ရင်ပွင့်မတတ်ကစားခဲ့ရ စာ-၁၀